# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၃၈)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်စ် တာဒစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်

### သတ္တမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် သတ္တမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အထွေထွေအစည်းအဝေးသို့ ကာကွယ်ရေး *စာမျက်နှာ ၃ ကော်လံ ၁* ■

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီရ် စဗက်သ်ကိုဗချ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လေယာဉ်ရပ်နားမည့်နေရာတွင် ကတ္တရာခင်းယန္တရားဖြင့် နိုင်လွန်ကတ္တရာ ဖြန့်ခင်းထားမှုအပေါ်၌ လမ်းကြိတ်စက်များဖြင့် ကြိတ်ခင်းနေသည်ကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

# စစ်တွေလေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်း

# လေယာဉ်များ ရာသီမရွေး အန္တရာယ်ကင်းစွာ ဆင်းသက်ပျံသန်းနိုင်

## နိုင်ငံတော်၏စေတနာဖြင့် ရခိုင်ပြည်နယ်တစ်ခွင် ဖွံ့ဖြိုးဝေစည်လာတော့မည်

နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းအား ကတ္တရာခင်းစက်ဖြင့် ဖြန့်ခင်းခြင်းလုပ်ငန်းကို ဤသို့ ဆောင်ရွက်နေကြသည်။
(မြန်မာ့အလင်း)

**သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း**
**စဦ့ကူစိုးဝင်း**

**စာမျက်နှာဖွဲ့စည်းမှု**
**မင်းထွန်း (မြန်မာ့အလင်း)**

**စစ်တွေ ဖေဖော်ဝါရီ ၁၄ (ဖက်စ်)**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ပထမအကြိမ်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ၊ ဖွံ့ဖြိုးဝေစည်လေးဝတီ ဓာတ်ပုံပြိုင်ပွဲ၊ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်းများ ဖွင့်ပွဲသတင်းနှင့်ဆောင်းပါးများ ရေးသားနိုင်ရန်အတွက် စစ်တွေမြို့သို့ မကြာမီရက်ပိုင်းက ရောက်ရှိခဲ့သည်။

**ထပ်ပိုးလွှာခင်း**

စစ်တွေလေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းနေသဖြင့် လေယာဉ်မှာ တစ်ပတ်သုံးရက်သာ ဆင်းခွင့်ရပြီး ယခင်ကကဲ့သို့ နေ့စဉ်ဆင်းသက်ခွင့်မရသေးသဖြင့် အခမ်းအနားကျင်းပမည့် ရက်မတိုင်မီ နှစ်ရက်စောပြီး သွားရောက်ခဲ့ရသည်။

မြန်မာ့လေကြောင်းခရီးစဉ်-၄၀၉ မှ လေယာဉ်မယ်က စစ်တွေလေဆိပ်သို့ *စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်)

# တန်ဖိုးထိုက် မြန်မာ့ကျောက်မျက်ရတနာများကို တိုးမြှင့်ဖော်ထုတ် ရေမြေသယံဇာတပစ္စည်းများ တိုင်းရင်းသားပြည်သူများ ထိန်းသိမ်းစောင့်ရှောက်

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်မြို့မ သပြေကုန်းရပ်ကွက် သပြေကုန်းအဝိုင်းအနီးရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ဖေဖော်ဝါရီ ၁၂ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းမြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သည် ကျောက်စိမ်းများဖြင့် ထူးခြားစွာ အလှဆင်တည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏အကြီးဆုံးသော ကျောက်မျက်ရတနာပြတိုက်ကြီး ဖြစ်ပေသည်။

ကျောက်စိမ်းတံခါးမှတစ်ဆင့် ကျောက်မျက်ရတနာပြတိုက်အတွင်းဝင်သွားပါက နတ်သမီးသုံးပါး ရုပ်ဖြင့် အလှဆင်ပြုလုပ်ထားသော ကမ္ဘာ့အကြီးဆုံး သဘာဝပုလဲကြီး၊ အရည် ၆၉ကီလိုရှိ တန်ဖိုးကြီးမားသော မြန်မာ့ကျောက်စိမ်းကြီး၊ ကျောက်စိမ်းဖြင့်ပြုလုပ်ထားသည့် မြန်မာ့ဆိုင်းဝိုင်းနှင့် ရတနာပစ္စည်းများကို တွေ့ရှိရမည်ဖြစ်သည်။ တန်ဖိုးရှိသော ကျောက်မျက်ရတနာပစ္စည်းများ စုံလင်စွာပြသထားရှိပေသည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွင် သတ္တုတွင်းဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် ဓာတ်သတ္တုများ၊ သယံဇာတပစ္စည်းများကို ဖြည့်ဆည်းပေးလျက်ရှိပြီး နိုင်ငံခြားငွေများရရှိရန် ဖြည့်ဆည်းစွမ်းဆောင်ပေးလျက်ရှိသည်။ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းကိုလည်း တိုင်းရင်းသား လုပ်ငန်းရှင်များအား ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုပေးထားသည်။

မြန်မာနိုင်ငံ၏ မြေသယံဇာတများဖြစ်သည့် စက်မှုတွင်းထွက်ကုန်ကြမ်းကျောက်များ၊ ကျောက်မျက် ရတနာများ၊ ဓာတ်သတ္တုပစ္စည်းများကို စူးစမ်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ခြင်းတို့အား ဥပဒေနှင့်အညီ စီမံခန့်ခွဲ ထိန်းသိမ်းကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)ကို ၁၂ဒသမ၅၈ဧက ကျယ်ဝန်းပြီး ပင်မအဆောက်အအုံမှာ အလျားပေ ၂၅၀၊အနံပေ ၁၇၀ရှိပြီး သံမဏိချောင်းများ၊ မှန်များဖြင့် ခေတ်မီလှပစွာ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ပေရာ တန်ဖိုးထိုက်လှသော သဘာဝကပေးထားသည့် မြန်မာ့ရေသယံဇာတ၊ မြေသယံဇာတပစ္စည်းများ မပျောက်ပျက်ရန် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၉ (တနင်္ဂနွေနေ့ )

AM & PM

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | ဗုဒ္ဓဘာသာတရားငါးပါး တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘဏ) |
| ၈း၀၅-၂း၀၅ | Sunday Talk [ကိုကို (စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ)] |
| ၈း၅၅-၂း၅၅ | Soccer Update |
| ၉း၁၀-၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀-၃း၂၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ငါးရာနှစ်ဆယ့်ရှစ် မျဉ်းပြိုင် |
| ၉း၅၅-၃း၅၅ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၁၀း၀၀-၄း၀၀ | ကမ္ဘာ့အားကစားဇာတ်ခုံ (စိုးမြတ်မင်း၊ နေအောင်သန့်) |
| ၁၀း၂၅-၄း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀-၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅-၄း၃၅ | အစွမ်းထက်မြက် ဆေးတစ်လက် |
| ၁၀း၅၀-၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀-၅း၀၀ | Activities in the City (နေရဲမာန်၏ သကြံနီတေး စီးရီးမိတ်ဆက်ပွဲ) |
| ၁၁း၂၀-၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅-၅း၂၅ | ထူးထူးခြားခြား ရာသီဥတု ဖြစ်စဉ်များ |
| ၁၁း၃၅-၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀-၅း၄၀ | ဒီဂျစ်တယ်ကတ္တားအစ စီထွာက |
| ၁၁း၅၅-၅း၅၅ | ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ မောင်သိန်းဝင်း) |
| ၁၂း၁၅-၆း၁၅ | International Video Topics (အဆိပ်ပြင်း ခလောက်မြွေများ) |
| ၁၂း၅၀-၆း၅၀ | ရော်ဘာစိုက်ပျိုးပြည်အကျိုးဆတိုးဆောင်ရွက် စီးပွားတက် |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo၊ |

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Everton-Aston Villa | Star Sports (Live) |
| ၁၁း၀၀ | Derby County-Man Utd | Star Sports (Live) |

**Series A ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၃၀ | Juventus-Sampdoria | 5-Cartoons (Live) |
| ၂း၀၀ | Inter Milan-AC Milan | 5-Cartoons (Live) |

## မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၀၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၂၅ | ၄။ | ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၂၄) |
| ၁၂း၀၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **စက္ကူလေယာဉ်** |
| ၁၃း၃၀ | ၆။ | **ကျန်းမာသုတ** |
| ၁၃း၄၅ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၂၂) |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၄။ | ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ ရူပဗေဒ အပိုင်း(ခ) |
| ၄း၄၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၀ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | ၇။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၅ | ၁၁။ | ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ |
| ၆း၄၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၆) |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | ပဟေဠိနန်းတော် |
| | ၁၈။ | ကျန်းမာသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၂၅) |

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ် ဟိုမိန်းမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့သို့ ဖေဖော်ဝါရီ၁၀ရက် မွန်းလွဲပိုင်းက ရောက်ရှိပြီး ဟိုမိန်းမြို့ ပြည်ထောင်စုခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများနှင့်တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**အလှူငွေပေး**

ထို့နောက် ဗိုလ်ချုပ် မင်းအောင်လှိုင်က ဟိုမိန်းဒေသ၌ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရိက္ခာဖူလုံရေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ဟိုမိန်းမြို့ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

တို့အတွက် လိုအပ်သည်များမှာကြားပြီး ဟိုမိန်းမြို့ ဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အတွက် အလှူငွေများကို မြို့နယ်ဥက္ကဋ္ဌထံပေးအပ်သည်။

**အားပေးစကားပြောကြား**

ထိုမှတစ်ဆင့် ဗိုလ်ချုပ် မင်းအောင်လှိုင်သည် ဟိုမိန်း အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကြားနေမှုများ၊ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများကို ဗိုလ်ချုပ် မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက လက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အာဖဂန်စစ်တပ်အတွက် ပေးသည့်လက်နက် စစ်သွေးကြွများလက်တွင်း ရောက်မည့်အန္တရာယ်ရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

**အမေရိကန်စစ်ဘက်ဌာနချုပ်က အာဖဂန်နစ္စတန်စစ်တပ်အတွက် လက်နက်များပေးပို့ရာတွင် ခြေရာခံ၍ရရှိအောင် လက်နက်အမှတ်စဉ်များ တိုးပေးရန်ပျက်ကွက်ခြင်းကြောင့် ရိုင်ဖယ်သေနတ်၊ လောင်ချာနှင့် စိန်ပြောင်းများ စစ်သွေးကြွများလက်တွင်းသို့ ရောက်ရှိမည့် အန္တရာယ်ရှိကြောင်း အမေရိကန်စောင့်ကြည့်အကဲခတ်ရေးအဖွဲ့တစ်ဖွဲ့က ဖေဖော်ဝါရီ ၁၂ရက်၌ ထောက်ပြလိုက်သည်။**

၂၀၀၄ခုနှစ် ဒီဇင်ဘာနောက်ပိုင်း အမေရိကန်အစိုးရကဝယ်ယူပြီး အာဖဂန်နစ္စတန်နိုင်ငံသို့ပေးပို့သည့် လက်နက်ငယ်ပေါင်း ၂၄၂၃၀၃လက်ရှိကြောင်း၊ ယင်းတို့အနက် ၃၆ရာခိုင်နှုန်းမှာ စစ်သွေးကြွများ လက်အတွင်းသို့ရောက်ရှိသွားနိုင်သည့် အန္တရာယ်ရှိသည်ဟုဆိုသည်။

အခြား ၁၂နိုင်ငံက အာဖဂန်နစ္စတန်စစ်တပ်အတွက်ပေးသည့် လက်နက် ၁၃၅၀၀၀ တို့နှင့် ပတ်သက်၍လည်း အမေရိကန်စစ်ဌာနချုပ်က မှတ်တမ်းမှတ်ရာများ မထားရှိဟုသိရသည်။

အမ်အင်န်အေ၊ရိုက်တာ

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့ရှိ အင်ဂါဒင် လေဆိပ်၌ဂျက်လေယာဉ်တစ်စင်း ဆင်း သက် စဉ် ပျက်ကျမှု ဖြစ်ပွားသည့် လေယာဉ် အစိတ်အပိုင်းများကို ဖေဖော်ဝါရီ၁၄ ရက်ကတွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

## အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

ဂျကာတာ ဖေဖော်ဝါရီ ၁၄

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း ဆူလေဝေဆီပြည်နယ်၌ ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၇ဒသမ၄အင် အားရှိ မြေငလျင်လှုပ်သဖြင့် အိုးအိမ် အဆောက်အအုံ ၃၀၀ ကျော် အကြီးအကျယ်ပျက်စီးပြီး လူ၃၀၀၀ ကျော်တို့ နေအိမ်မှ ထွက်ပြေးကြရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကြေညာချက်အရ သိရသည်။

ငလျင်ပြင်းလှုပ်သည့်အတွက် လူနေအိမ်များ၊ ဘာသာရေးဌာနများ၊ စာသင်ကျောင်းအဆောက်အအုံများနှင့်ဆေးရုံများ ပြိုကျပျက်စီးကြောင်း၊ သို့သော် ထိခိုက်သေဆုံးမှုများမရှိကြောင်း သက်ဆိုင်ရာက ကြေညာသည်။ အမ်အင်န်အေ၊ဆင်ဟွာ

15-2 (02).pmd 1 2/14/2009, 11:01 PM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်း လီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် သတ္တမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တက်ရောက် အားပေးချီးမြှင့်စဉ်နှင့် အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သိန်းထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ICT လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

## ဖတ်ကြားတင်သွင်း

ယင်းနောက် အထွေထွေအစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက ဆောင်ရွက်ပြီး မန်နေဂျင်းဒါရိုက်တာက ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကိုလည်းကောင်း၊ Win Thin & Associate မှ တာဝန်ရှိသူက စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းများကို အတည်ပြုခြင်း၊ စာရင်းစစ်အဖွဲ့ကို ဆက်လက်ခန့်ထားခြင်း၊ ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းခြင်းနှင့် အတည်ပြုခြင်း၊အစုရှယ်ယာရှင်များ၏ မေးမြန်းချက်များကို ပြန်လည် ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဆားဘီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ကျရောက်သော ဆားဘီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗု(ခ်)ဂျယ်ရာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ကတ္တရာခင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ဖေဖော်ဝါရီ ၁၄ရက် နံနက် ၈နာရီတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

## ပညာပေးဆောင်ရွက်

ရှေးဦးစွာ ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်း (မန္တလေး-ပြင်ဦးလွင်လမ်း) နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်ဝန်နှင့် လမ်း၊ တံတားဌာန ဌာနခွဲမှူး ဒေါ်ခင်မေဌွေးတို့က လုပ်ငန်းပြီးစီးမှု အခြေနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်အုန်းမြင့်က မန္တလေးမြို့တွင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိရေးအတွက် ပညာပေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး မြို့ပတ်လမ်း၏ လမ်းသားအကျယ် တိုးချဲ့ အဆင့်မြှင့်တင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အတွင်း (၆၆)လမ်း၊ သိပ္ပံလမ်းနှင့် သဇင်လမ်းအကြား အဆင့်မြှင့်တင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေဆိုးထုတ်မြောင်းကူးတံတား ဆောက်လုပ်နေမှုတို့ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အတွင်း (၆၈)လမ်းကို သဇင်လမ်းနှင့် ငုရွှေဝါလမ်းအကြား အဆင့်မြှင့်တင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

## တွေ့ဆုံ

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် တိုင်းမှူးနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားပြီး မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရောက်ရှိသည်။

## မှာကြား

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်ကြီးနားမြို့ မြစ်ကြီးနား လေဆိပ်ခန်းမ၌ ကချင်ပြည်နယ်အတွင်းမှ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# လွိုင်လင်တွင် ညအပူချိန် -၁ ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ဖေဖော်ဝါရီ ၁၅ရက် (ယနေ့) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။**

ဖေဖော်ဝါရီ ၁၅ရက် **(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာနေမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ တိမ်အသင့်အတင့် ဖြစ်ထွန်းမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတု အခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် -၁ဒီဂရီစင်တီဂရိတ်၊ ဟားခါးနှင့် နမ့်စန်တို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

မြန်မာ့ ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

# KNU အကြမ်းဖက်သောင်းကျန်းသူများက အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးမှုများဖြစ်စေရန် မြဝတီမြို့တွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

KNU အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ပျက်ပြားစေရန် နှောင့်ယှက်ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုး အနိုင်ကျင့်ဗိုလ်ကျခြင်း၊ လူသတ်၊ မိုင်းထောင်၊ လုယက်၊ ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများနေထိုင်သည့် မြို့ရွာများအတွင်းသို့ သူရဲဘောနည်းစွာဖြင့် လက်နက်ကြီးဖြင့် အဝေးမှပစ်ခတ်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

## ဒဏ်ရာရရှိမှုမရှိ

ယနေ့ နံနက်အစောပိုင်းကလည်း KNU အကြမ်းဖက်သောင်းကျန်းသူများသည် ကရင်ပြည်နယ် မြဝတီမြို့အတွင်းသို့ လက်နက်ကြီးဖြင့် အဝေးမှ လေးချက်ပစ်ခတ်ခဲ့ရာ ၄င်းအနက်မှ လက်နက်ကြီးနှစ်လုံးသည် မြို့၏အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ၌လည်းကောင်း၊ လက်နက်ကြီးတစ်လုံးသည် မြို့တွင်းရှိ 'ဇေ'တည်းခိုခန်းအနီး၌လည်းကောင်း၊ ကျန်လက်နက်ကြီးတစ်လုံးသည် တောရဘုန်းကြီးကျောင်းဝင်းအတွင်း၌လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါလက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ကရင်ပြည်နယ်ကောင်းစားရေးအတွက်ဟု ကြွေးကြော်နေသော်လည်း လက်တွေ့တွင်မူ ကရင်ပြည်နယ်၏ မြို့ရွာများအတွင်းသို့ လက်နက်ကြီးဖြင့် သူရဲဘောနည်းစွာ အဝေးမှပစ်ခတ်ခြင်းဖြင့် အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးအောင်၊ ထိတ်လန့်ချောက်ချားအောင် လုပ်ဆောင်နေကြရာ ပြည်သူများက ၄င်းတို့အား ရွံရှာစက်ဆုပ်လျက်ရှိကြကြောင်း သိရသည်။

## ရှင်းလင်းချေမှုန်း

အဆိုပါ KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများနောက်သို့ နယ်မြေခံ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုရာနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုရာနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ်နှင့် အင်ဒိုရာ အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

၁၅-၂-၂၀၀၉ရက် (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈း၀၅ ၆။ တေးဂီတအစီအစဉ်

၈း၁၅ ၇။ နွေအတွက်စိုက်ပျိုးမခက် အလင်းပါဆောင်မည့် ခပေါင်းရေလှောင်တမံ

၈း၃၀ ၈။ International News

၈း၄၅ ၉။ အဆိုပြိုင်ပွဲ

၈း၅၀ ၁၀။ တေးဂီတအစီအစဉ်

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၀ ၂။ တေးဂီတအစီအစဉ်

၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၂၃)

၁၂း၁၅ ၅။ Golf Magazine(TV)

၁၂း၃၅ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **သံယောဇဉ်ထောင်ချောက်** ဝေဠုကျော်၊ ရဲအောင်၊ နဝရတ် (ဒါရိုက်တာ-ကျော်ဇ)

၁၄း၁၅ ၇။ တေးဂီတအစီအစဉ်

၁၄း၂၅ ၈။ အတီးပြိုင်ပွဲ

၁၄း၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၁၄း၄၅ ၁၀။ International News

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၀ ၂။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်

၄း၂၀ ၃။ တေးဂီတအစီအစဉ်

၄း၃၀ ၄။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်) အပိုင်း(ခ)

၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၅း၁၀ ၆။ ဆိုကြမယ် ပျော်ကြမယ်

၆း၀၀ ၇။ ညနေခင်းသတင်း

၆း၁၀ ၈။ မိုးလေဝသအခြေအနေ

၆း၁၅ ၉။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"

၆း၅၀ ၁၀။ တစ်မျက်နှာ တစ်ကွက်စာ **အတူတူမသွားဘူး** ဘုန်းလျှံ၊ ထက်အိကလျာ ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)

၇း၁၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၁၉)

၈း၀၀ ၁၂။ ပြည်တွင်းသတင်း

၁၃။ နိုင်ငံတကာသတင်းများ

၁၄။ မိုးလေဝသအခြေအနေ

၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၁၁)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ်ရှိ ကလီထော်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် မြစ်ရေတင်စီမံကိန်းမှ ရေပေးဝေမှု

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်သို့ ရောက်ရှိပြီး အထူးဇုန်(၁)ရှိ တောင်သူဦးသန်းဌေးပိုင် မြေသုံးဧကၡ အောင်မြင်ဖြစ်ထွန်းနေသော မုန်လာဥသီးနှံစိုက်ခင်းများကိုလည်းကောင်း၊ တောင်သူ ဦးစိုးနိုင် ပိုင်မြေဧကဝက်၌ တိုင်ထောင်ပဲများ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ တောင်သူဦးခင်မောင်ထွန်းပိုင် မြေနှစ်ဧက၌ တိုင်ထောင်ပဲများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး အားပေးသည်။**

### တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အထူးဇုန်ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဇုန်(၁)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက ဇုန်အတွင်း၌ မုန်လာ၊ ပဲတောင့်ရှည်၊ သခွား၊ ချဉ်ပေါင်၊ ရုံးပတီသီး အပါအဝင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားမှု၊ ဥစားကြက်ကောင်ရေ ပေါင်း ၁၂၀၀၀၀ နှင့် အသားတိုးကြက်ကောင်ရေပေါင်း ၃၀၀၀၀ မှ ၅၀၀၀၀အတွင်း မွေးမြူထားရှိမှုတို့ကိုလည်းကောင်း၊ ဇုန် (၂)စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်က ဇုန်အတွင်းရှိ ဧက ၁၄၅၀ ၌ ဟင်းသီးဟင်းရွက် အမျိုးပေါင်း ၂၀ စိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် အသားတိုးကြက် အပါအဝင် ကြက်ကောင်ရေ ၁၉၅၀၀၀ မွေးမြူထားရှိမှုတို့ကိုလည်းကောင်း၊ ဇုန်(၃)ဥက္ကဋ္ဌ ဦးမောင်မောင်က ကြက်၊ ငါး၊ ဝက်များ မွေးမြူထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ အထူးဇုန်ကြီးကြပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အပါအဝင် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အထူးဇုန်တည်ထောင်ခဲ့သည့် မူလရည်ရွယ်ချက်ဖြစ်သော ရန်ကုန်တိုင်းအတွင်းသို့ လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် အသားငါးများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ဌာနဆိုင်ရာအလိုက် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ လုပ်ငန်းရှင်များအနေဖြင့်လည်း စည်းလုံးညီညွတ်စွာဖြင့် ညှိနှိုင်းပူးပေါင်းကာ ကုန်ထုတ်စွမ်းအား ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

### ဖရဲစိုက်ခင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အထူးဇုန်အတွင်းရှိ ဖရဲစိုက်ခင်း၊ ကြက်မွေးမြူရေးခြံအပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### မွေးမြူရေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လှည်းကူးမြို့နယ်ရှိ ကလီထော် ရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန(ရန်ကုန်တိုင်း) ညွှန်ကြားရေးမှူး ဦးကံညွှန့်က ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လက်ရှိရေသိုလှောင်မှုနှင့် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူး ဇုန်သို့ စိုက်ပျိုးရေပေးဝေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားပြီး တမံ၏ကြံ့ခိုင်မှုနှင့် တမံအတွင်း ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မင်္ဂလာဒုံမြို့နယ်၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဘားလားဒေသ(၁) နွေစပါးဧက ၁၀၀ စံပြစိုက်ခင်းနှင့် လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေပေးဝေနေမှုတို့ကို လည်းကောင်း၊ လှည်းကူးမြို့နယ်ရှိ ဆင်ဖုံလျှပ်စစ်ရေတင်စီမံကိန်း၌ နွေစပါးစိုက်ပျိုးဧက ၁၇၅၀နှင့် လျာထားဧကအလိုက် ရေပေးဝေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

# စာအုပ်ပြပွဲနှင့် ဟောပြောပွဲ ရန်ကုန်တောင်ပိုင်းခရိုင်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်း ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော စာအုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက သန်လျင်မြို့ရှိ ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

### လေ့လာ

ရှေးဦးစွာ စာအုပ်ပြပွဲကို ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူးဦးမြင့်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအုန်းမြင့်၊ သန်လျင်မြို့နယ် ဥက္ကဋ္ဌဦးဘိုထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက စာအုပ်ပြပွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ရှင်းလင်းပြသသည်။ **(အောက်ပုံ)**

### ဟောပြော

ယင်းနောက်မွန်းလွဲ၁နာရီတွင် စာကြည့်တိုက်ခန်းမ၌ ဟောပြောပွဲကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးစန်းလွင်ဦးက ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

**အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဆေးဝါးစက်ရုံလမ်း ဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် အဆင့်မြင့်မီးခံအုတ်စက်ရုံ စက်ရုံမှူးဦးဇော်ဝင်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

# ပညာရေးဝန်ဆောင်မှု သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**ပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော RV! Centre Yangon ၏ (၁၂)ကြိမ်မြောက် သင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal Hotel တွင် ကျင်းပသည်။** (အောက်ယာပုံ)

### အမှာစကားပြောကြား

ရှေးဦးစွာ RV! Centre Yangon ဥက္ကဋ္ဌ ဦးဝင်းစိန်က နှုတ်ခွန်းဆက်အဖွင့် အမှာစကား ပြောကြားပြီး မန်နေဂျင်း ဒါရိုက်တာ Mr.Argus Angက ဂုဏ်ပြု အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းအောင်လက်မှတ်များ၊ ဘာသာရပ်အလိုက် ထူးချွန်ဆုများ၊ အသင်းအဖွဲ့၊ အုပ်စုအလိုက် အကောင်းဆုံး စွမ်းဆောင်မှုနှင့် အထူးချွန်ဆုံးပညာသင်ဆု များကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါ အခမ်းအနား၌ ပညာသင်ဆုသုံးဆုကို ချီးမြှင့် ပေးအပ်ခဲ့ပြီး ပညာသင်ဆု တစ်ဆု၏ တန်ဖိုးသည် Polytechnic ကျောင်းတွင် သင်ကြားရမည့် ပထမနှစ် ပညာသင်စရိတ် ၏ ၄၀ရာခိုင်နှုန်း ဖြစ်သည်။

### ဖွင့်လှစ်ပို့ချ

RV! Centre Yangon သည် အင်္ဂလိပ်စာ အရည်အသွေး မြင့်မားရေး၊ ကျောင်းဝင်ခွင့် စာမေးပွဲများ ထူးချွန်စွာ အောင်မြင်ရေးတို့အတွက် အရည်အချင်း ပြည့်မီသည့် ဆရာ၊ ဆရာမများဖြင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး IELTS, TOFEL preparation course, Oral English များအပြင် SAT-I(Eng/Maths) သင်တန်းများ၊ English Diploma သင်တန်း၊ Summer Program နွေရာသီသင်တန်းများ၊ Secondary Level ပြီးဆုံးကြောင်း လက်မှတ်များ ရရှိရေးအတွက် IGCSE Exam ဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

RV! Centre Yangon သည် University of Cambridge ၏ တရားဝင် ခွင့်ပြုထားသည့် Exam Centre ဖြစ်သည်။ Australia နိုင်ငံ Murdouch Universityမှ ချီးမြှင့်သည့်စီးပွားရေး ပညာဘွဲ့လက်မှတ်အတွက် စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကို SMa (School of Management) ၏ ကြီးကြပ်မှုဖြင့် RV! Centre Yangon တွင် Certificate နှင့် Diploma သင်တန်းများကို ကုန်ကျစရိတ် သက်သာစွာဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

RV! Centre Yangonသည် Primary(1-6)သင်တန်းများဖွင့်လှစ်သင်ကြား ပေးနေပြီး Primary(6) ပြီးဆုံးသည့် ကျောင်းသား ကျောင်းသူများသည် iPSLE စာမေးပွဲ (Singapore International Primary School Examination) ကို ဖြေဆိုနိုင်ခွင့်ရှိသည်။ အဆိုပါ အောင်လက်မှတ်သည် Secondary Level အဆင့်သို့ ဆက်လက် တက်ရောက်ချင်သူ များအတွက် ဝင်ခွင့် အထောက်အကူပြုစေမည် ဖြစ်သည်။ RV! Centre Yangon သည် Singapore Examinations & Assessment Board မှ တရားဝင် ခွင့်ပြုထားသည့် Exam Centre ဖြစ်သည်။

### ဆက်သွယ်စုံစမ်းနိုင်

RV! Centre Yangon ၏သင်တန်းကျောင်းများသို့ စိတ်ပါဝင်စားသူများသည် ဖုန်း-၂၄၂၄၁၀၊ ၅၄၁၈၈၆၊ ၅၄၃၆၁၈၊ ၂၅၀၃၈၈(လိုင်းခွဲ-၃၅၂)၊ ၀၉-၈၆-၁၂၂၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ငွေသော်တာကွင်း၌ တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ဦးတင်ရှိန် (ဦးစိန်ဝမ်း အင်ဂျင်ဆိုင်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇန်နဝါရီ ၉ရက်က ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ်(၇)၌ ၁၄၃ ကိုက်အကွာမှ Titleist Pro V1 04 ဘောလုံးကို Yamaya Impres(P) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးသော်ဦးလွင်၊ ဦးကျော်ဦး၊ ဦးသိန်းဦး၊ ဦးမင်းဆွေတို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ထိုင်းနိုင်ငံ ဖရားထိုင်းအထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများ၏ ဆေးပညာဆိုင်ရာ ရှင်းလင်းဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဖရားထိုင်းဆေးရုံအုပ်စုမှ ဆရာဝန်ကြီးများ၏ ဆေးပညာဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဆေးတက္ကသိုလ် (၂)ရန်ကုန်မှ ဒုတိယပါမောက္ခပရော်ဖက်ဆာ ဒေါက်တာ အောင်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဖရားထိုင်းဆေးရုံများ၏ မြန်မာနိုင်ငံတရားဝင်ကိုယ်စားလှယ် ဦးအေးမော်က လူနာများဆေးကုသမှု သွားရောက်ခံယူရန် ဝန်ဆောင်မှုပေးမည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ (အောက်ပုံ)

### အတွေ့အကြုံ

ထို့နောက် ဖရားထိုင်း ဆေးရုံမှ Chief of Medical & International Business Officer Dr. SURAPONG AMBHANGWONG က Minimally Invasive Brain Surgery၊ ဦးနှောက်အာရုံကြောနှင့် ကျောရိုးတို့ကို တစ်ပြိုင်နက် ခွဲစိတ်ကုသမှုများ ရှင်းလင်းပြောကြားပြီး Director of Internal Medical Center Dr. YUNGYUTH MAYALAPက အသည်းရောဂါ အမျိုးမျိုးကုသနည်းများ၊ Hepatitis B နှင့် C တို့ကို ကုသသော နောက်ဆုံးပေါ် နည်းစနစ်များ၊ အသည်းနှင့် သည်းခြေပြွန်ကင်ဆာကုသနည်းများ၊ နှလုံးရောဂါကို မခွဲစိတ်ရဘဲ STEM CELL နည်းပညာဖြင့် ကုသနည်းများ၊ ဒူးဆစ်၊ ပခုံးဆစ်၊ တင်ပါးဆုံရိုးအဆစ်များ၊ အစားထိုး လဲလှယ်ကုသနည်းများ၊ ကလေးငယ်များ၏ ဦးနှောက်နှင့် ကျောရိုးမကြီး ခွဲစိတ်ကုသမှုများ၊ Nucleoplasty Treatment, Bone Marrow Transplant Treatment, LASER Assisted Surgery Treatment များကို ရှင်းလင်းပြောကြားကာ ဖရားထိုင်းဆေးရုံ၌ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူခဲ့ဖူးသူများက ၎င်းတို့၏အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ဖရားထိုင်းဆေးရုံသည် ဗန်ကောက်မြို့လယ်၌ရှိပြီး ထိုင်းနိုင်ငံ၏ လူကြိုက်အများဆုံးနှင့် အားအထားရဆုံး ဆေးရုံဖြစ်ကာ မှန်ကန်တိကျ၍ ပြီးပြည့်စုံသော ဆေးကုသမှုမျိုးစုံကို သင့်တင့်မျှတသော စရိတ်ဖြင့် ကုသနိုင်သည်။ ဤဆေးရုံ၌ အထူးကုဌာနပေါင်း ၁၂ခုရှိပြီး ဆေးခန်းကြီးပေါင်း ခုနစ်ခုဖြင့် အထူးကုဆရာဝန်ကြီး ၂၇၀ ကျော်တို့က ကမ္ဘာ့အဆင့်မီ စက်ကိရိယာများဖြင့် လူကြီးများသာမက ကလေးများကိုပါ အထူးကုသပေးသော ဆေးရုံဖြစ်သည်။

### ဆက်သွယ်စုံစမ်း

ဤဆေးရုံနှင့်ပတ်သက်၍ သိရှိလိုပါက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အမှတ်ဝိုင်(၁) သုခဝတီ ကမ္ဘာအေးစေတီလမ်း ဖုန်း- ၀၉-၅၀-၁၁၄၃၂၊ ၀၁-၅၇၈၉၄၁၊ e-mail: koayemaw @gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

### စီစဉ်ထား

အရေးပေါ် သွားရောက်ကုသလိုသော လူနာများအတွက် လူနာတင်လေယာဉ် (Air Ambulance) နှစ်စင်းကိုလည်း ဖရားထိုင်းဆေးရုံများ၏ တရားဝင်ကိုယ်စားလှယ် ဦးအေးမော်က စီစဉ်ထားကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံဆရာဝန်အသင်း (Internal Medicine Society)သို့ Dr.Reddy's ဆေးကုမ္ပဏီကြီးမှ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အိန္ဒိယသမ္မတနိုင်ငံအခြေစိုက် ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်သော Dr.Reddy's ဆေးကုမ္ပဏီမှ မြန်မာနိုင်ငံဆရာဝန်အသင်း (Internal Medicine Society)သို့အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ရန်ကုန်မြို့ Parkroyal Hotel ၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဆရာဝန်ကြီးများ၊ Dr.Reddy's ဆေးကုမ္ပဏီမှတာဝန်ရှိသူများတက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

အဆိုပါ ဆေးကုမ္ပဏီမှ Country ManagerMr.S.Kumar က မြန်မာနိုင်ငံ သို့ သွေးတိုးကျဆေး Stamlo(Amlodipine 5 mg & 10 mg) တင်သွင်းသည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်မှစတင်၍ ရွှေ Stamlo ကုသိုလ်အစီအစဉ်အဖြစ် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ လိုအပ်သောနေရာ၌ အသုံးပြုနိုင်စေရန် ရည်ရွယ်ကာ နှစ်စဉ် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ယခုနှစ်တွင် (၁၁)နှစ်မြောက်အနေဖြင့် အလှူငွေကျပ် ၂၃သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်း ကိုယ်စား ဥက္ကဋ္ဌ ပါမောက္ခဦးချစ်စိုးက လက်ခံယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်နှင့်အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်များမှ မူကြိုကလေးငယ်များက ကာယဉာဏစွမ်းရည်များ ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရမြို့နယ်များမှ မူကြိုကလေးငယ်များအား ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က ဆုချီးမြှင့်သည်။

### ဆုများချီးမြှင့်

ယင်းနောက် အထူးဆုရ မူကြိုကလေးငယ်များအား အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (၁၂၁)


ပီးဘေးရှောင်
မလောင်ခင်တား


# ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် မွန်းလွဲ ၁နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ကာယဗလမောင်ပြိုင်ပွဲတွင် လူသစ်တန်း၊ အငယ်တန်း၊ အကြီးတန်း အသက်၅၀ကျော် လူကြီးတန်းနှင့် ကာယအလှမယ်ပြိုင်ပွဲတွင် အငယ်တန်းနှင့် အကြီးတန်းတို့ကို တစ်ဦးချင်းစီနှင့် အုပ်စုလိုက် ကာယဗလနှင့် ကာယအလှများ ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုပေးပွဲဆက်လက်ကျင်းပရာ လူသစ်တန်းကာယဗလမောင် ပထမဆုရ မင်းဝင်းထွန်း၊ ဒုတိယဆုရ ချစ်ဝေလင်းနှင့် တတိယဆုရ စည်သူတို့အား ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီအတွင်းရေးမှူး ဦးသိန်းထွန်းလတ်နှင့် တွဲဖက် အတွင်းရေးမှူး ဦးစိုးဝင်းတို့ကလည်းကောင်း၊ အငယ်တန်းပထမဆုရ မြင့်စောအောင်၊ ဒုတိယ ဝေယံမင်းနှင့် တတိယဆုရ ဝင်းနိုင်(၁)တို့အား တိုင်းစားပွဲတင်တင်းနစ်ဆပ်ကော်မတီ ဥက္ကဋ္ဌဦးသန့်ဇင်ကလည်းကောင်း၊ အကြီးတန်းပထမဆုရ ကိုကိုမင်းဦး၊ ဒုတိယ ဇေယျာထူးနှင့် တတိယဆုရ နိုင်မင်းသိမ်းတို့အား တိုင်းကာယဗလ၊ ကာယအလှဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးထွန်းလင်းကလည်းကောင်း အသက် ၅၀ကျော် လူကြီးတန်း ပထမဆုရ ဦးမြင့်ဦး၊ ဒုတိယ ဦးနီနှင့် တတိယဆုရ ဦးတင်ထွဋ်တို့အား တိုင်းအမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးမှူး ဒေါ်ဖြူဖြူညွန့်က လည်းကောင်း၊ ကာယအလှမယ်ပြိုင်ပွဲ အငယ်တန်းပထမဆုရ အေးမွန်ထွေး၊ ဒုတိယဆုရ မေဖူးသော်တာနှင့်တတိယဆုရ ရတနာဖြူတို့အား ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှဆပ်ကော်မတီ(ဘဏ္ဍာရေးမှူး)ဒေါ်ကြည်ကြည်လွင်ကလည်းကောင်း၊ အကြီးတန်းမယ်ပြိုင်ပွဲပထမဆုရ M ခေါင်ဂျာ၊ ဒုတိယဆုရ ဝင်းလဲ့ဖွေးနှင့် တတိယဆုရ စန္ဒီတို့အား တိုင်းအမျိုးသမီးရေးရာအဖွဲ့ (ပြန်ကြားရေးဌာနအဖွဲ့ဝင်) ဒေါ်သန္တာလေးနိုင်တို့က ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** (၁၂၁)

# ဒီဝါကျွတ်အမီ ခယ်မအမြန်အစွံထုတ်ရန်ရှိသည် ဒုတိယပတ်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**အကြည်တော်၏ ဝါရင့်အရောင်းထိုင်းဝတ္ထုကို စိုးကျော်ဆန်းဇာတ်ညွှန်းခွဲပြီး ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီရိုက်ကူးသည့် ဒီဝါကျွတ်အမီခယ်မအမြန်အစွံထုတ်ရန်ရှိသည်။ ဟာသဇာတ်မြူးကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဒုတိယပတ်မြောက် ဆက်လက်ပြသနေဆဲဖြစ်သည်။**

### ဒီဝါကျွတ်အမီ

ပွဲစားလောကတွင် မသိသူမရှိသူလုပ်ပေးသမျှ အကုန်အဆင်ပြေတဲ့ပွဲစားဝကြီးတစ်ယောက် သူ့ခယ်မကျတော့ အစွံမထုတ်နိုင်ဘဲဖြစ်နေ၍ စိတ်ညစ်နေရသည်။ တစ်ည ခယ်မအခန်းထဲက လူသံကြား၍ ဝကြီးထဖမ်းတော့ သူခိုးကျော်ကို



ငယ်သူမို့မသိပါ ဇာတ်ကားမှ ချစ်သုဝေ၏ သရုပ်ဆောင်ဟန်။

ဖြစ်နေသည်။ ပွဲစားဝကြီးကလည်း ပွဲစားပီပီ အကွက်ဆင်ကာ သူ့ခယ်မနှင့်ချိန်းတွေ့တာလားလို့ သူခိုးမှန်းသိလျက်နှင့်မေးတော့ သူခိုးကျော်ကိုက ခိုးမှုနှင့်အဖမ်းမခံရရေး ဟုတ်ကြောင်း၊ ရည်းစားချိန်းလို့လာကြောင်း ဝန်ခံလိုက်သည်။ သူခိုး ကျော်ကို ဝန်ခံလိုက်သည်နှင့် အသိသက်သေများရှေ့မှာပင် ခယ်မကိုခေါ်ပြီး ကျော်ကိုနှင့်ပေးစားဖို့လုပ်ရာ ဝကြီးခယ်မကိုမြင်သည်နှင့် သူခိုး ကျော်ကိုက သူ့ကိုခိုးမှုနှင့်ဖမ်းပါ၊ သူ့ခယ်မကိုတော့ မယူပါရစေနှင့်ဟု ခါးခါးသီးသီး ငြင်းတော့သည်။ ပွဲစားဝကြီးကလည်းခယ်မ အမြန်အစွံထုတ်နိုင်ရန် မယူရင်ခိုးမှု၊ အိမ်ကျော်နင်းမှု၊ မုဒိမ်းကျင့်ရန် ကြံစည်မှုတို့ဖြင့် တရားစွဲမည်ဟုဆိုကာ အတင်းအကျပ်ပေးစားတော့သဖြင့် ဝကြီးခယ်မစွံသွားသော ဇာတ်လမ်းဖြစ်သည်။ ပွဲစားဝကြီးအဖြစ် ကျော်ရဲအောင်၊ သူခိုးကျော်ကိုအဖြစ် ဗေလုဝ၊ ပွဲစားဝကြီးဇနီးနဲ့ခယ်မအဖြစ် စိုးမြတ်သူဇာတို့ အဓိကပါဝင်ထားသော ဟာသဇာတ်မြူးကား ဖြစ်သည်။

### နိုင်ငံခြားဇာတ်ကားများ

ရွှေဆောင်ရုံတွင် **Eagle Eye** ပြသနေပြီး နေပြည်တော်ရုံတွင် ကီနူးရိဗ်နှင့် ဂျနီဖာတို့ပါဝင်ထားသော **The Day the Earth stood still** ဇာတ်ကားပြသနေဆဲဖြစ်သည်။ တန်းမြင့်မြို့မရုံတွင် **AK- 47** အက်ရှင်ဇာတ်ကားနှင့် ဘုရင့်ရုံတွင် အနီကာပူးရ်နှင့် အက်ရှ်ဝါရာရိုင်းတို့ပါဝင်ထားသော **Ham- ara Dil Aapke Paas Hai** ဇာတ်ကား ပြသလျက်ရှိသည်။

### ငယ်သူမို့မသိပါ

ဒါရိုက်တာ အိအိခိုင်၏ **ငယ်သူမို့မသိပါ** ဇာတ်ကားမှာ ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ရတနာပုံရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

### အချစ်မူးတော့ရူးမိတယ်

ဟိန်းဝေယံ၊ နဝရတ်၊ မျိုးသန္တာထွန်း၊ ချောရတနာ၊ မျိုးသီရိကျော်တို့ပါဝင်ထားသော

ဒီဝါကျွတ်အမီ ခယ်မအမြန်အစွံထုတ်ရန်ရှိသည် ရုပ်ရှင်ကားကြီးမှ စိုးမြတ်သူဇာနှင့် ဗေလုဝ။

**အချစ်မူးတော့ရူးမိတယ်**အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာ၊ မြရတနာရုံများတွင် ပြသနေသည်။

### ငါးရာနှစ်ဆယ့်ရှစ်မျဉ်းပြိုင်

လူမင်း၊ဖိုးချစ်၊ထွန်းအိန္ဒြာဗို၊မေသန္တာဦး၊ မြတ်မင်းခန့်တို့ပါဝင်ထားသော **ငါးရာနှစ်ဆယ့်ရှစ်မျဉ်းပြိုင်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေး၊မဟာမြိုင်၊ ဝဇီရာ(၂)၊လှိုင်သာယာရုံများတွင် ရုံဝင်လာသည်။ မုဆိုးကျော် မြိုင်ရာဇာတွတ်ပီ ကိုရိုက်ကူးထားသော ဇာတ်လမ်းဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

15-2 (05).pmd 1 2/14/2009, 11:01 PM

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့တွင်ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အတူ ဖေဖော်ဝါရီစရက် နံနက် ၈ နာရီက ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ တပ်နယ်ခန်းမ၌ သိမ်ဇရပ် တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြီး အားကစားပစ္စည်းများနှင့် အဝတ်အထည်များပေးအပ်၍ တပ်နယ်တွင်း စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများနှင့် စားဖိုဆောင် သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် သိမ်ဇရပ်ကျေးရွာအတွင်းရှိ သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသည့် စက်မှုကုန်ကြမ်းသီးနှံ ယူကလစ်စိုက်ခင်းပျိုးဥယျာဉ်နှင့် ကျေးရွာပိုင်စိုက်ခင်းပျိုးဥယျာဉ်တို့တွင် ယူကလစ်ပျိုးပင်များပျိုးထောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စစ်တောင်း အမှတ်(၁)စက္ကူစက်ရုံ စက်မှုကုန်ကြမ်း ယူကလစ်စိုက်ခင်း၌ စက္ကူစက်အတွက် လိုအပ်သည့် စက်မှုကုန်ကြမ်း ယူကလစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံရှိ စွန့်ပစ်ဝါးမှုန်သုံး လောင်စာတောင့်စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁) စစ်တောင်းစက္ကူစက်ရုံ ဧည့်ခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကြည့်ရှုစစ်ဆေး**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး သိမ်ဇရပ်ကျေးရွာရှိ စက်မှုကုန်ကြမ်းသီးနှံ ယူကလစ်စိုက်ခင်းဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

## အရှေ့တောင်အာရှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ကွန်ဖရင့်နှင့် ဂါဗာနာဘုတ်အဖွဲ့ အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**အရှေ့တောင်အာရှဗဟိုဘဏ်ဥက္ကဋ္ဌများ၏ (၄၄)ကြိမ်မြောက် ကွန်ဖရင့်နှင့် (၂၈)ကြိမ်မြောက် ဂါဗာနာဘုတ်အဖွဲ့ အစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။**

ကွန်ဖရင့်နှင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက မလေးရှားဗဟိုဘဏ် Auditorium ၌ ကျင်းပရာ မလေးရှားဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Zeti Akhtar Aziz က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မလေးရှားနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Dato Sri Mohd Najib Bin Tun Haji Abdul Razak က အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**ရောက်ရှိ**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် Kuala Lumpur Convention Centre ၌ ကျင်းပသည့် မလေးရှားဗဟိုဘဏ်၏ နှစ်(၅၀)ပြည့် အခမ်းအနား၊ ၂၀၀၉ခုနှစ် ဗဟိုဘဏ်ဥက္ကဋ္ဌများ ဖိုရမ်နှင့် မလေးရှားဗဟိုဘဏ်၏ ၂၀၀၉ခုနှစ် အဆင့်မြင့်ညီလာခံ တို့ကိုလည်း တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၂ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

**ပြန်လည်လိုက်ပါ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူးဒေါ်ဥမ္မာစိန်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ ဖေဖော်ဝါရီ ၁၈ ရက် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ Swesone Media Group ၏ သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်မည့် စတုတ္ထအကြိမ် သုတစွယ်စုံ စာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပမည်ဖြစ်သည်။**

**နှိုးဆော်ထား**

**ဆုရရှိသူများ မပျက်မကွက် တက်ရောက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။**
(သတင်းစဉ်)

# ဘိုးလင်း အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် နေပြည်တော် မြို့တော်ဝန်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် ဖိတ်ခေါ်အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘိုးလင်းအားကစားပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော် Sport Complex ရှိ ဘိုးလင်းအားကစားခန်းမ၌ ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲပိုင်းက ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိုးလင်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် အားပေးကြသည်။

**ဆုချီးမြှင့်**

ရှေးဦးစွာ အမျိုးသား၊ အမျိုးသမီးအလွတ်တန်းနှင့် ဝန်ကြီးဌာနပေါင်းစုံ ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပသည်။

ထို့နောက် ဆုရရှိကြသူများအား မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်(**အပေါ်ပုံ**)နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၉ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးမြတ်လင်း ပညာပေးဟောပြောစဉ်။
(သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေညောင်မြို့ရှိ ရွှေညောင်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို အေးသာယာ/ရွှေညောင် ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးကျော်မိုး ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရွှေညောင်မီးသတ်တပ်ဖွဲ့စခန်းမှ စခန်းမှူး ဦးမြင့်သန်းဦး ဦးဆောင်သည့် မီးတပ်သတ်ဖွဲ့ဝင်များ၊ဈေးအကျိုးဆောင်အဖွဲ့များနှင့် ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်

## သီပေါဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ဖေဖော်ဝါရီ ၁၀ရက်က ကျောက်မဲခရိုင် သီပေါမြို့နယ်ရှိ ၆၆/၃၃/၁၁ ကေဗွီ(၂၀)အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံသို့ ရောက်ရှိကြပြီးခွဲရုံ Control Room အတွင်း Control Panel များတွင် မန်စံပင်မ ဓာတ်အားခွဲရုံမှ သီပေါခွဲရုံသို့ ဓာတ်အားအဝင်၊ သီပေါခွဲရုံမှ ကျောက်မဲနှင့် နမ့်လန်သို့ ဓာတ်အားအထွက်၊ သီပေါမြို့သို့ ဓာတ်အားဖြန့်ဖြူးမှု အခြေအနေနှင့် Switch Yard တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြို့သစ်မြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်း မြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ခမ်းမရုံတွင် ကျင်းပမည် ဖြစ်သည်။

အသက် ၈၀နှင့်အထက် အသင်းဝင်များနှင့် အတူနေမိဘများစာရင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသားများစာရင်းတို့ကို ဖေဖော်ဝါရီ ၂၈ ရက်ထက် နောက်မကျစေဘဲ ဒုတိယ ဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း) ဖုန်း-၆၉၅၆၄၂၊ ဦးမောင်လှ ဖုန်း-၅၂၇၃၄၅ နှင့် ဦးခင်မောင်မြင့် ဖုန်း-၅၀၃၂၆၀ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ

## မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဖေဖော်ဝါရီ ၉ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ရောက်ရှိရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးက ရေယာဉ်အသစ်တည်ဆောက်ရေးနှင့် ရေယာဉ်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ဝင်ငွေရရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကိုမှာကြားသည်။

**မှာကြား**

ထို့နောက် ဝန်ကြီး**(အပေါ်ပုံ)**သည် သင်္ဘောကျင်း၌ အသစ်တည်ဆောက်နေသော ရေယာဉ်ကြီးများပြီးစီးမှု အခြေအနေ၊ ပြန်လည်ပြုပြင်နေသော ရေယာဉ်များ၏အခြေအနေ၊ တန်ချိန် ၁၂၀၀၀ရေလုံကျင်း၌ ရေယာဉ်များ ပြုပြင်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲ ပဲခူးတွင် ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၄**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကျင်းပသောတိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုင်ရာ ဟောပြောပွဲ တိုင်းရင်းသားပဒေသာကပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက်၈နာရီက ပဲခူးတိုင်း မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွှန့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးဒီဂရီကောလိပ် မြန်မာစာဌာန ပါမောက္ခဒေါက်တာ ဒေါ်ချိုချိုတင့် (မတင့်-မြန်မာစာ)က ယနေ့လူငယ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အကြောင်းနှင့် စာရေးဆရာမဒေါ်သွဲ့ထားညို(သက္ကလမြေ)က ညီညွတ်ခြင်းနှင့် အမျိုးသားအားမာန် အကြောင်းတို့ကို ဟောပြောခဲ့ကြသည်။

ထို့နောက်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသူ၁၈ဦးအား ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်ဆွေညွှန့်နှင့်တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြပြီး စာပေဟောပြောသူများနှင့် တိုင်းရင်းသားအကအဖွဲ့အား ဥက္ကဋ္ဌက ဂုဏ်ပြု ချီးမြှင့်ငွေပေးအပ်သည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



## ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၈)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း၊ အမှတ် ၂၁/၄၃(စီ)တည်ရှိရာ ရောဝတီတိုင်းခန်းမရုံ၌ မတ် ၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ကန်တော့ခံရန်အတွက် အသက် ၇၅နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများအနေဖြင့် မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ပညာရည်ချွန်ဆုရယူနိုင်ရန်အတွက် ၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများသည် အမှတ်စာရင်းမိတ္တူဖြင့် လည်းကောင်း ဖေဖော်ဝါရီ ၂၅ရက် နောက်ဆုံးထား၍ အသင်းတိုက်သို့ စာရင်းပေးပို့ရမည်ဖြစ်သည်။

**ဆက်သွယ်လျှောက်ထားနိုင်**

လျှောက်လွှာလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀-၀၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဆွေ ဖုန်း-၀၉-၈၀-၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၁၅၉၇၂၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁-၅၀၁၀၀၊ အသင်းတိုက် ဖုန်း-၀၁-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

## ဟိုပင်အထက ပညာရေးစုံညီပွဲတော်

*ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၏၂၀၀၈- ၂၀၀၉ ပညာနှစ်၊ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ရက် နံနက်၁၀နာရီက တေဇခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မာရွယ်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းကာ တာဝန်ရှိသူများက ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် ဘက်စုံဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။* **(မြို့နယ် ပြန်/ဆက်)**

## ကျိုက်ထို၌ ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

*ကျိုက်ထိုမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ရက် နံနက် ၁၀နာရီက သိမ်ဇရပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဦးဝင်းနိုင်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာများ ပညာပေးဟောပြောသည်။* (မြို့နယ် ပြန်/ဆက်)

## ဆီဆိုင်မြို့၌ စာကြည့်တိုက်ပညာသင်တန်းဖွင့်

*ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာနှင့် လုပ်ငန်းခွင် လက်တွေ့လေ့ကျင့်မှုသင်တန်း ၁/၂၀၀၉ ကို ဇန်နဝါရီ ၃၁ရက်နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ သင်တန်းတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် စာကြည့်တိုက် လက်ထောက်-၃ ဒေါ်နန်းခင်မာကြည်တို့က စာကြည့်တိုက်ပညာနှင့် လက်တွေ့လေ့ကျင့်ခြင်းတို့ကို ရှင်းလင်းပို့ချခဲ့သည်။* **(မြို့နယ် ပြန်/ဆက်)**

## စံပြမိခင်ပြိုင်ပွဲ ကောလင်း၌ ကျင်းပ

*စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ကလေးအဝ၊ အလှနှင့်စံပြမိခင် ပြိုင်ပွဲကို မြို့နယ်အားကစားရုံ၌ ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက ကျင်းပရာ ပြိုင်ပွဲ၌ ဆုရရှိသူများအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမိုးက ဆုများချီးမြှင့်သည်။* (မြို့နယ် ပြန်/ဆက်)

## ညောင်ရွှေ၌ ဟောပြောပွဲနှင့်စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

*ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၃ရက်က ကျင်းပရာ နံနက်ပိုင်းတွင် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းများကျင်းပပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ၌ ဟောပြောပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများက စာပေရေးရာများဟောပြောကြသည်။* **(မြို့နယ် ပြန်/ဆက်)**

## တက္ကသိုလ်ဝင်တန်းအတွက်စေတနာမွန်ညကျောင်းဖွင့်

*မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တွင် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးစေတနာမွန်ညကျောင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ရက် ည ၆နာရီက ရမည်းသင်းမြို့ (မြို့မ)အထကခွဲ အစည်းအဝေးခန်း၌ကျင်းပရာ မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်ကအမှာစကားပြောကြားပြီး အလှူရှင်များက စေတနာမွန်ညကျောင်း အတွက် အလှူငွေများပေးအပ်သည်။* (၁၆၉)

## ခင်ဦးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

*ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးညိုဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ရက် ည ၇နာရီက မြို့ပေါ်လေးရပ်ကွက်သို့ အသံချဲ့စက်ဖြင့် လှည့်လည်၍ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးလှုံ့ဆော်ခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။* **(၁၀၂)**

## ပညာရေးစုံညီပွဲ ဆင်ပေါင်ဝဲ၌ကျင်းပ

*ဆင်ပေါင်ဝဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၈ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်းရှိ ရန်အောင်မြေခန်းမ၌ကျင်းပရာ မြို့နယ်အဖွဲ့ဝင် ဒုတိယရဲမှူး ခင်ဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပညာရည်ထူးချွန်ဆုရရှိသူများ၊ ကျောင်းတက်ရက်မှန်ဆုရ ဆရာ ဆရာမများ၊ စာစီစာကုံးပြိုင်ပွဲဆုရသူများအား ဆုများပေးအပ် ချီးမြှင့်သည်။* (မြို့နယ် ပြန်/ဆက်)

## တနိုင်း၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့ကျင်းပ

*တနိုင်းမြို့နယ်၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့များအတွက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက တနိုင်းမြို့ ဟူးကောင်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးနေထွန်းအောင်နှင့်ဇနီး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သက်သက်စိုး၊ မြို့နယ် ဆေးရုံအုပ် ဒေါက်တာစိုင်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ကြသည်။* **(မြို့နယ် ပြန်/ဆက်)**

## ကောလင်းမြို့ စည်ပင်ဈေး ဖုန်းတပ်ဆင်မှု ညှိနှိုင်းစည်းဝေး

*ကောလင်းမြို့နယ်စည်ပင်သာယာဈေးတွင် တပ်ဆင်ထားသော အများသုံး တယ်လီဖုန်းခန်းအခြေအနေ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂နာရီက ဈေးရုံးခန်းမတွင် ကျင်းပရာ ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကြည်က အမှာစကားပြောကြားပြီး ဈေးတယ်လီဖုန်းတပ်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က ဈေးတယ်လီဖုန်းသုံးစွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။* (၀၃၂)

15-2 (07).pmd 1 2/14/2009, 11:01 PM

✳ *ရှေ့ဖုံးမှ*

မကြာမီ ဆင်းသက်မည်ဖြစ်သဖြင့် ခါးပတ်များပတ်ထားရန် ပြောကြားသဖြင့် လေယာဉ်ပြတင်းမှ စစ်တွေလေယာဉ်ကွင်းကို အပေါ်စီးမှ ငုံ့ကြည့်လိုက်မိသည်။ စစ်တွေလေယာဉ်ကွင်းတွင် တစ်ခြမ်းက မည်းမှောင်ကာ တစ်ခြမ်းက ဖြူဖပ်ဖြူရော်ဖြစ်နေပြီး စက်ယန္တရားကြီးများဖြင့် လုပ်ငန်းခွင်ဝင်နေကြသည်ကို မြင်တွေ့ရသည်။

ကတ္တရာဖျန်းယာဉ်ဖြင့် ကတ္တရာဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

လေဆိပ်တွင် ပစ္စည်းများရွေးရန် ခေတ္တစောင့်နေစဉ်အတွင်း ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်ထံ ရောက်ရှိကြောင်းသတင်းပို့ကာ စစ်တွေလေယာဉ်ပြေးလမ်း အဆင့်မြင့်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်းပါးရေးသားရန်အတွက် ကူညီပါရန်တင်ပြရာ ဒုတိယညွှန်ကြားရေးမှူးက ချက်ချင်းစီစဉ်ပေးသဖြင့် အခမ်းအနား မစမီနာရီအတွင်း စစ်တွေလေယာဉ်ကွင်း နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းသို့ သွားရောက်လေ့လာရန် တာဝန်ရှိသူများနှင့် စီစဉ်ပေးသည်။

နောက်ရက်တွင် လေကြောင်းပို့ဆောင်ရေးဦးစီးဌာန စစ်တွေ လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းသို့ သွားရောက်လေ့လာရာ စာရေးသူသိလိုသမျှကို အင်ဂျင်နီယာမှူးဦးတင်မောင်သိန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇော်ဦးတို့က ရှင်းလင်းပြောကြားကြသည်။

**တိုးချဲ့ဖောက်လုပ်**

စစ်တွေလေယာဉ်ကွင်းသည် ဒုတိယကမ္ဘာစစ်အတွင်းက သံပြားပေါက်များ ခင်းထားသော စစ်သုံးလေယာဉ်ကွင်းတစ်ကွင်း ဖြစ်သည်။ ၁၉၄၇ခုနှစ် ဇူလိုင်လ ၂၄ရက်တွင် International Aeradio Limited (I.A.L) ကုမ္ပဏီမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၉၆၀ပြည့်နှစ်တွင် အလျား ပေ ၆၀၀၀ × အကျယ် ပေ၁၅၀၊ ကျောက်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်တွေလေဆိပ်အဆောက်အအုံ ပေ၁၂၀×ပေ၆၀ကို ပေ၂၂၀× ပေ၆၀အထိ တိုးချဲ့ကာ ခရီးသည်များ အဝင်အထွက်နားနေခန်း အထူးဆောင်၊ အရေးကြီးပုဂ္ဂိုလ်များ နားနေခန်းများဖြင့် သေသပ်လှပစွာ ဆောက်လုပ်ခဲ့ရာ ၂၀၀၂ခုနှစ် မတ်၂၂ရက်က ဖွင့်လှစ်နိုင်ခဲ့သည်။

**ဆင်းသက်ရပ်နားနိုင်**

စစ်တွေလေယာဉ်ပြေးလမ်းမှာ ပေ၆၀၀၀×ပေ၁၅၀ဖြစ်ပြီး လေယာဉ်ရပ်နားနေရာမှာ ပေ၆၀၀×ပေ၃၀၀နှင့် လေယာဉ်သွားလမ်းမှာ ၅၂၅ပေ× ၇၅ပေ ဖြစ်သည်။ ပြေးလမ်းခံနိုင်ရည်အားမှာ ပေါင်၇၃၀၀၀ ဖြစ်သဖြင့် ဖော်ကာ F-28 လေယာဉ်များအထိ ဆင်းသက်ရပ်နားနိုင်သည်။

စစ်တွေလေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေယာဉ်ရပ်နားနေရာတို့တွင် ကတ္တရာသက်တမ်းကုန်ဆုံးခြင်း၊ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သဖြင့် မျက်နှာပြင်ကြမ်းတမ်းမှုရှိခြင်း၊ ပြေးလမ်းနိမ့်ကျ ရေဝပ်ခြင်းများဖြစ်ပေါ်လျက်ရှိပြီး လေယာဉ်များ ဆင်း/တက်ရာတွင် အန္တရာယ်ရှိနိုင်သဖြင့် နိမ့်ကျသော နေရာများအား ကျောက်ကတ္တရာဖြင့် အနိမ့်အမြင့်ညှိခြင်း၊ ပြေးလမ်းမျက်နှာပြင် တစ်ခုလုံးကို နိုင်လွန်ကတ္တရာ လေးလက်မထု ထပ်ပိုးလွှာတင်ခြင်းဖြင့် အင်အားပြန်လည်ဖြည့်ခြင်း၊ Shoulder များအား အမာခံပခုံးအဖြစ် ပြန်လည်ပြုလုပ်ခြင်း၊ ပြေးလမ်းနယ်ဧရိယာအတွင်း ရေဝပ်၍ နိမ့်ကျသောနေရာများ ပြန်လည်ပြုပြင်ခြင်း၊ ပြေးလမ်းဝဲယာ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်ကာ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာများ ကြီးကြပ်ဦးဆောင်ကာ ကျွမ်းကျင်လုပ်သား၊ လုပ်ငန်းခွင်သုံး စက်ယန္တရားများဖြင့် နေ့ရောညပါ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၈၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

နိုင်လွန်ကတ္တရာဖျော်စက်ကြီးဖြင့် နိုင်လွန်ကတ္တရာ ထုတ်လုပ်နေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

**ပြီးစီးနေ**

လေယာဉ်ဆင်းသက်မှု အထောက်အကူပြု လေယာဉ်ပြေးလမ်းမီးတပ်ဆင်ခြင်းကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် Light Unit များ တပ်ဆင်ခြင်းကို ၂-၂-၂၀၀၈ရက်မှ စတင်ဆောင်ရွက်ရာ Runway Edges Light ၅၈ လုံး၊ Runway Threshold Identification Light ၃၆လုံး၊ Precision Approach Path Indicatior ၂၄လုံး၊ Taxiway Light ၃၃စုံ၊ Rotation Beacon တစ်စုံ၊ Wing Indicatior ငါးလုံး၊ Approach Light ၂၄ လုံး၊ Flash Light လေးလုံး တပ်ဆင်ပြီးသဖြင့် ၁၀၀ရာခိုင်နှုန်း ပြီးစီးနေပေပြီ။

**ကြည့်ရှုစစ်ဆေး**

အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇော်ဦးက စာရေးသူ မလေ့လာမီ တစ်ရက်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ စစ်တွေလေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း ပြောကြား ခဲ့သည်။

**စနစ်တကျ**

နိုင်လွန်ကတ္တရာဖျော်စက်ကြီးနှင့် စက်ရုံအတွင်း စုပုံထားသော ကတ္တရာပုံများ၊ ကျောက်ခဲပုံကြီးများနှင့် လုပ်ငန်းသုံးပစ္စည်းများက စနစ်တကျ အစီအရီဖြစ်သည်။ လေယာဉ်ပြေးလမ်းပေါ်တွင် နိုင်လွန်ကတ္တရာသယ်ယာဉ်ခုနစ်စီးမှ ကတ္တရာဖျော်စက်မှ ကတ္တရာများသယ်ယူကာ နိုင်လွန်ကတ္တရာ ခင်းစက်အတွင်း သွန်းလောင်းကာ ကတ္တရာခင်းယာဉ်က သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်ခင်းသည်။ သုံးဘီးလမ်းကြိတ်စက်တစ်စီးနှင့် နှစ်ဘီးလမ်းကြိတ်စက်တစ်စီး၊ တာယာလမ်းကြိတ်စက်နှစ်စီးတို့ကလည်း လမ်းများ ညီညာစေရန် ကြိတ်နေသကဲ့သို့ ရေကားကလည်း ရေများဖျန်းပေးနေသည်။

**နိုင်ငံတော်၏စေတနာ**

ယာဉ်ယန္တရားလုပ်သားများ နေ့ရောညပါ အလုည့်ကျဆောင်ရွက်နေသဖြင့် ၂၀၀၉ခုနှစ် မေ၃၀ရက်တွင် လေးလက်မ နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း လျာထားချက်အတိုင်း ပြီးစီးနိုင်တော့မည်ဖြစ်ရာ ဖော်ကာ-27 ယာဉ်၊ ဂျက် F-28 လေယာဉ်များ ရာသီမရွေး အန္တရာယ်ကင်းစွာ ဆင်းသက်ပျံသန်းနိုင်မည်ဖြစ်ရာ လေယာဉ်ပြေးလမ်း အနောက်မြောက်ဘက်သို့ ပေ၂၅၀၀ ထပ်မံတိုးချဲ့ပါက B 737-200 နှင့် A-300 ယာဉ်ကြီးများ ဆင်းသက်နိုင်ပါက ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ စေတနာဖြင့် ဖွံ့ဖြိုးဝေစည်နေမည်သာဖြစ်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၇)ဖြန့်ချိထား

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၅)၊ အမှတ်(၇)၌ WCDMA ဖုန်းအလုံး ၅၀၀၀ ရန်ကုန်တိုင်းအတွင်း ချထားပေးမည်။ ဆားတိုးချဲ့ထုတ်လုပ်နိုင်ရန် ချေးငွေကျပ်သိန်း ၇၀၀၀၀ကျော် ထုတ်ချေးပေး၊ မုန်တိုင်းကြောင့် တစ်ရွာလုံး ပျက်သုဉ်းခဲ့သော လပွတ္တာမြို့နယ် ကွင်းကြီးရွာတွင် ရေမီးပါ အိမ်၁၀၀ကျော်ဆောက်လုပ်ပေးရန်စီစဉ်၊ မုန်တိုင်းသင့် သက်တမ်းရင့်အပင်များဖြင့် ပြုလုပ်သည့် ပန်းပုရုပ်များကို ရန်ကုန်မြို့ အဓိကနေရာများတွင်ထားမည်၊ လာမည့်မိုးရာသီအတွက် မုန်တိုင်းနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးပြင်ဆင်မှုများ ပြုလုပ်၊ ရန်ကုန်-စစ်တွေ လေယာဉ်လက်မှတ်ခ ဈေးတက်၊ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းအတွင်း ရေနံထွက်ကုန်များသယ်ယူခွင့် မူအားဖြင့်သဘောတူ၊ အိမ်မွေးတိရစ္ဆာန်များ ပြည်ပပို့ကုန်အဖြစ် မွေးမြူနိုင်ရန်ကူညီမည် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ သူ့ဘဝ သူ့ဒဿန 'ကိုယ့်အလုပ် ကိုယ်လုပ်ရမှာပေါ့၊ အလုပ်လုပ်ရတာကို ဂုဏ်ယူတယ်' အသက်(၇၈)နှစ်အရွယ် ဈေးသည်ကြီး အဘ ဦးသုခနှင့် စကားလက်ဆုံ အင်တာဗျူးဆောင်းပါးနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

**ကဏ္ဍများစုံလင်**

ဘားရက်အိုဘားမားရေးသား၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၁၂)'၊ 'သူတို့ပြည်သူတွေရဲ့ သာယာဝပြောရေးနဲ့ လုံခြုံရေးအတွက် အကျိုးရလဒ်မရှိတဲ့ ဆုံးဖြတ်ချက်မျိုး မဖြစ်ဖို့ အချိန်ရောက်နေပြီ' အမေရိကန်သမ္မတ အိုဘားမားနှင့် Al. Arabiya အာရပ်ရုပ်မြင်သံကြားတို့ တွေ့ဆုံမေးမြန်းခန်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ စီးပွားရေးဆိုင်ရာ အမျိုးသားရေးဝါဒ တစ်ကျော့ပြန်လာတော့မှာလား၊ အမေရိကန်က နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲဖြင့် စစ်ရေးထက် သံတမန်ရေးနည်းလမ်းကိုသာ ပိုမိုအသုံးပြုဖွယ်ရှိ၊ မလေးရှားအမြွှာညီနောင် မည်သူမည်ဝါမှန်း ခွဲခြားမရ၍ ကြိုးဒဏ်မှ လွတ်မြောက်၊ အီရန်သမ္မတက အင်အားကြီးနိုင်ငံတို့အား ယဉ်ကျေးမှုရှိကြရန် တောင်းဆို၊ အိမ်ထောင်ပြုခြင်းမရှိသော အမျိုးသမီးတစ်ဦးက ဖန်ပြွန်အိမ်သန္ဓေသားစပ်နည်းဖြင့် ကလေးရှစ်ဦးမွေး၊ သမ္မတဟောင်းဘုရှ်အား ပစ်ပေါက်ခဲ့သည့် ဖိနပ်ကို အီရတ်နိုင်ငံတွင် ပန်းပုရုပ်အဖြစ် ထုလုပ်ထား စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

**(သတင်းစဉ်)**

# အဆင့်မြင့်တန်းပွဲ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနှင့် Air Bagan F.C တို့ အနိုင်ရသွားကြသည်။

**အောင်ဆန်းကွင်း**

| | | |
|---|---|---|
| **စီးပွား/ကူးသန်း** | - | **တစ်ဂိုး** |
| **မြို့တော်စည်ပင်** | - | **ဂိုးမရှိ** |

**သုဝဏ္ဏကွင်း**

| | | |
|---|---|---|
| **Air Bagan F.C** | - | **သုံးဂိုး** |
| **ဆောက်လုပ်ရေး** | - | **တစ်ဂိုး** |

**ယနေ့ပွဲ**

**သုဝဏ္ဏကွင်း**

| | | |
|---|---|---|
| ဘဏ္ဍာ/အခွန် | - | ကာကွယ်ရေးဝန်ကြီးဌာန |

**(မြန်မာ့အလင်း)**

# နောက်မဆုတ်တမ်း ရှေ့သို့လှမ်း

➤ သမိုင်းကြောင်းကို အခြေပြု
မသွေယခု အစွမ်းထက်သည်
လှမ်းတက်မည် မဆုတ်တမ်း။

➤ ကြွံခိုင်ရဲရင့်သည့် စွမ်းပကား
တစ်မျိုးသားလုံး၏ ပေါင်းစုအားနှင့်
ထောင်သောင်းထု သားဘာမထိတို့
မြန်မာပြည် မှန်စွာစည်ဖို့အရေး
သတ္တိသွေးဖြင့် ချီသာချီ
ဒီမိုကရေစီသည် လက်တစ်ကမ်း။

➤ အခြေခံဥပဒေ အတည်ပြု
ညီညာမှုဖြင့် ရွေးကောက်မည်
မနေးလျှောက်သည် ပြည်သူလမ်း
ကြည်ဖြူစိတ်ဝမ်း ခိုင်မာပြီ။

➤ နောင်အဆက်ဆက် ကမ္ဘာတည်အောင်မှန်း
ဆောင်ရွက်အရာရာ ပြည်ဘောင်တစ်ဝန်း
ဒို့ညီနောင်လှမ်းကြစို့ သစ္စာတိုင်
မေတ္တာမဏ္ဍိုင် ရခိုင်၊ မွန်၊ ဗမာ၊ ကချင်၊ ရှမ်း
ကရင်၊ ကယား၊ ချင်းများ မကျန်
ရင်းထားအမှန် သံမဏိစိတ်ဓာတ်
တဖိတ်ဖိတ် တလျှပ်လျှပ်ရောင်လျှံထိန်
အောင်မြန်မာအချိန် တစ်ခေတ်ဆန်းပြီမို့
နောက်မဆုတ်တမ်း ရှေ့သို့ချီ။
သြော်...ရောက်တော့မည်မှန်း ပန်းတိုင်ဆီ။ ။

စောယယ်ယယ်(မိုးညှင်း)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးအထူးကုဆရာဝန်များ ကွင်းဆင်းကုသ

**လားရှိုး ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီနှင့် အဖွဲ့ဝင်များသည် အမျိုးသမီး အထူးကုဆရာဝန်များနှင့်အတူ လားရှိုးမြို့ ရပ်ကွက်(၁)နှင့် ရပ်ကွက်(၅)တို့သို့ သွားရောက်၍ အမျိုးသမီးဆိုင်ရာ ရောဂါများနှင့် အထွေထွေရောဂါများကို စစ်ဆေးကုသပေးသည်။

## စုစုပေါင်း

အဆိုပါ ကွင်းဆင်းဆေးကုသရာတွင် ရင်သားစမ်းသပ် စစ်ဆေးသီလရှင် ၅၃ဦး၊ ၄က်ဖျားသွေးဖောက်စစ်ဆေး ၁၁ဦး၊ Papsmear စစ်ဆေးတစ်ဦး စုစုပေါင်း၆၅ဦးကို စစ်ဆေးခဲ့ပြီး ဆေးရုံသို့ မျက်စိလူနာနှစ်ဦး၊ ဖျားနာညွှန်းပို့ သုံးဦး၊ အရိုးအကြောညွှန်းပို့ တစ်ဦး စုစုပေါင်း ခြောက်ဦးကို ဆေးရုံသို့ ဆက်လက်ကုသရန် ညွှန်းပို့ခဲ့ကြောင်း သိရသည်။

(လားရှိုး/ကိုယ်ပွား)

● *ကျော့ဖုံးမှ*

တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းကို စတင်တည်ထောင်ခဲ့သည့် ၁၉၅၉ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ စာရာမေတီတောင်ထိပ်သို့ ယခုအဖွဲ့အပါအဝင် ခြောက်ဖွဲ့သာတက်ရောက်နိုင်ခဲ့သည်။ ယခုတောင်တက်ခရီးစဉ်သည် တက္ကသိုလ်များခြေလျင်တောင်တက်အသင်း၏ ၂၀၀၉ခုနှစ်အတွက် ပထမဆုံးခရီးစဉ်လည်း ဖြစ်သည်။

## ထွက်ခွာ

ထို့နောက် တောင်တက်အဖွဲ့ အုပ်ချုပ်သူအဖြစ် လိုက်ပါသွားသူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပထဝီဌာန ကထိက ဒေါ်နီနီအေးက "၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ရက်မှာ ရန်ကုန်မြို့က မန္တလေးမြို့ကို ရထားနဲ့ စထွက်တယ်။ ဇန်နဝါရီ ၁၃ရက်မှာ မန္တလေးကနေပြီး ကားနဲ့ မုံရွာ၊ ဇန်နဝါရီ၁၄ရက်မှာ မုံရွာကနေပြီးဟုမ္မလင်းမြို့ကို ရေယာဉ်နဲ့သွားတယ်။ ရေယာဉ်ခရီးနဲ့ ဇန်နဝါရီ ၁၆ရက်အထိ ခရီးနှင်ခဲ့ပြီး ထမံသီရွာကိုရောက်တယ်၊ ဇန်နဝါရီ ၁၇ရက်မှာ ထမံသီရွာကနေပြီး လေရှီးမြို့ကိုကားနဲ့ ဆက်ထွက်တယ်။ အဲဒီလေရှီးမြို့ကနေပြီး တောင်တက် ခရီးစတင်တော့တာပါပဲ"ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

## တက်ရောက်

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ရက်၌ လေရှီးမြို့မှ ပိန္နဲကုန်းရွာသို့ တောင်တက်ခရီးစဉ်အတိုင်း ဖြည်းဖြည်း တက်ရောက်ခဲ့ကြရာ ခရီးငါးမိုင်ခန့်သာ ရောက်ရှိခဲ့ပြီး ရပ်နားခဲ့ရသည်။ ပိန္နဲကုန်းရွာသည် အမြင့်ပေ ၃၀၇၀၌ တည်ရှိသော ရွာဖြစ်သည်။

"ဇန်နဝါရီ ၁၉ရက်မှာ ပိန္နဲကုန်းရွာကနေပြီး ကျဲ့ကော့ရွာကို ခရီးဆက်တဲ့ အခါ ၈၀ဒီဂရီလောက် မတ်စောက်နေတဲ့ တောင်တွေကို ကျော်ဖြတ်ရတယ်။ တောင်တစ်လုံးကျော်လိုက်၊ တောင်အောက်ခြေဆင်းလိုက်၊ နောက်တစ်တောင်ပေါ် တက်လိုက်နဲ့ ခရီးဆက်ခဲ့ရတယ်။ ဇန်နဝါရီ ၂၀ရက်မှာ ကျဲ့ကောရွာကနေပြီး ရော်ပါး မီရွာကို တောင်တက်ခရီးတက်တဲ့အခါ လမ်းမှာ နန်းခလိန်ချောင်းကိုဖြတ်ပြီး သွယ်တန်းထားတဲ့ ကြိမ်ကြိုးတံတားကို ဖြတ်သန်းရတာ အန္တရာယ်အလွန်များလို့သတိထားပြီး ဖြတ်ကျော်ခဲ့ရတယ်။ ဒီကြိုးတံတားက ပေ ၂၀၀ ကျော်ရှည်တယ်။ ရော်ပါးမီရွာဟာ အမြင့်ပေ ၃၂၆၀မှာ တည်ရှိပါတယ်"ဟု ဒေါ်နီနီအေးက ဆက်လက်ရှင်းပြသည်။

## ခက်ခဲစွာ

ထို့နောက် ဇန်နဝါရီ ၂၁ရက်တွင် ရော်ပါးမီရွာမှ လတ္တဲရွာသို့ အတက်ခရီးစဉ်၌ ၉၀ ဒီဂရီ မတ်စောက်နေသော တောင်များ၊ တောင်ထွတ်များကို ခက်ခဲစွာ ဖြတ်သန်းပြီးမှ လတ္တဲရွာသို့ ရောက်ရှိခဲ့သည်။ လတ္တဲရွာသည် အိမ်ခြေရှစ်လုံးသာရှိပြီး အမြင့်ပေ ၄၈၁၀ခန့်၌တည်ရှိသော တောင်ပေါ်ရွာ ဖြစ်သည်။ ဇန်နဝါရီ ၂၀ရက်တွင် လတ္တဲရွာမှ နံနက်ပိုင်းထွက်ခဲ့ကြရာ အလွန်မတ်စောက်သော တောင်တန်းများကြောင့် မွန်းလွဲ ၂ နာရီခွဲ၌ ခဗာကဇူချောင်းတောစခန်းသို့ရောက်ရှိစခန်းချခဲ့ကြသည်။

## အနောက်မြောက်ဘက်အစွန်း

"အဲဒီ လတ္တဲရွာက မြန်မာနိုင်ငံ အနောက်မြောက်ဘက် အစွန်ဆုံးမှာရှိတဲ့ လူနေရွာပဲဖြစ်ပါတယ်။ ခဗာကဇူချောင်း တောစခန်းမှာ ယာယီတဲထိုးပြီး စခန်းချရတယ်။ ၈ဒီဂရီစင်တီဂရိတ်ပဲရှိလို့ အအေးပိုပါတယ်။ ဇန်နဝါရီ၂၃ရက်မှာ ခဗာကဇူချောင်းစခန်းကနေပြီး တီရှိတီချောင်းစခန်းအထိ တောင်တက်တောင်ဆင်း ခရီးကြမ်းတွေတက်ခဲ့တာ တစ်နေကုန်တာတောင် ၁၄မိုင်ခရီးပဲ ရောက်တယ်။ အဲဒီအချိန်မှာ အမြင့်ပေ ၇၆၇၅ပေအထိ ရောက်ရှိလာဖြစ်ပါတယ်။ ဒီခရီးစဉ်ပိုင်းမှာတော့ ရွက်ကြွေတောတွေ တွေ့ရတယ်" ဟု ၄င်းကဆက်လက်ရှင်းပြသည်။

တောင်ထိပ်အရောက် တစ်တောဝင် တစ်တောင်တက် ခက်ခဲကြမ်းတမ်းစွာ ဤသို့ တက်ရောက်ခဲ့ကြရသည်။ (မြန်မာ့အလင်း)

ဇန်နဝါရီ ၂၄ရက်၌ တီရှိတီချောင်းစခန်းမှကသာဖောင်သီချောင်းစခန်းသို့ ဆက်လက်တက်ရောက်ခဲ့ရာ မြင့်မားမတ်စောက်သော တောင်များကို ဖြတ်ကျော်ခဲ့ရသဖြင့် တစ်နေကုန်ခရီးစဉ်တွင် ခုနစ်မိုင်ခန့်သာ ခရီးပေါက်ခဲ့သည်။ ဇန်နဝါရီ ၂၅ရက်၌ ကသာဖောင်သီ ချောင်းစခန်းမှ အမြင့်ပေ ၁၀၈၀၀ရှိသော ရေခဲစပ်စခန်းသို့ ဆက်လက်တက်ရောက်ခဲ့ရာ ရေခဲတုံးများကို စတင်တွေ့ရှိရသည်။ သောက်သုံးရေအတွက် ရေခဲများကို ထုခွဲကာ သောက်ရေအတွက် ဖြေရှင်းခဲ့ရသည်။

## ပြန်ဆင်းခဲ့

နောက်ဆုံးအနေနဲ့ "ဇန်နဝါရီ ၂၆ရက်မှာ ရေခဲစပ် စခန်းကနေပြီး ဆက်လက် တက်ရောက်တဲ့အခါ အမြင့်ပေ ၁၂၅၅၃ပေရှိတဲ့ စာရာမေတီတောင်ထိပ်ကို နံနက် ၉နာရီခွဲမှာ အောင်မြင်စွာ ရောက်ရှိခဲ့ကြတယ်။ တောင်ထိပ်ခရီးစဉ်မှာတော့ တောင်ဆိတ်၊ ဝက်ဝံ စတဲ့ တိရစ္ဆာန်တွေရဲ့သွားလာလှုပ်ရှားမှု ခြေရာတွေ တွေ့ရတယ်။ စာရာမေတီ တောင်ထိပ်မှာ နိုင်ငံတော်အလံနဲ့တက္ကသိုလ်များ ခြေလျင်တောင်တက် အသင်းအလံတွေကိုစိုက်ထူပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုခဲ့ကြတယ်။ အဲဒီနောက် မှတ်တမ်းတင် ဓာတ်ပုံတွေရိုက်ပြီး ပြန်ဆင်းခဲ့ကြတယ်။ တောင်ထိပ်ပေါ်မှာ တစ်နာရီ မိုင် ၆၀နှုန်းလောက် လေပြင်းတွေ တိုက်နေတဲ့အပြင် ရာသီဥတုအခြေအနေ မကောင်းတာနဲ့ ပြန်ဆင်းခဲ့ရတယ်" ဟု ဒေါ်နီနီအေးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

## ခက်ခဲကြမ်းတမ်း

အပြန်ခရီးစဉ်၌ တီရှိတီချောင်း၊ လတ္တဲရွာ၊ ကျဲ့ကော့ရွာ၊ ပိန္နဲကုန်းရွာနှင့် လေရှီးမြို့သို့ ငါးရက်ခရီးနှင်ခဲ့ပြီး လေရှီးမြို့မှ ထမံသီရွာ၊ ဟုမ္မလင်း၊ မော်လိုက်၊ ကနီ၊ မုံရွာမြို့နှင့် မန္တလေးမြို့များသို့ ကား၊ ရေယာဉ်များဖြင့် ပြန်ခဲ့ရာ ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၅ရက်၌ ပြန်လည်ရောက်ရှိခဲ့ကြသည်။ စာရာမေတီ တောင်တက် အသွားအပြန်ခရီးစဉ်သည် စုစုပေါင်း ၂၅ရက်ကြာမြင့်ခဲ့ပြီး တောင်တက် အသွားအပြန် ခရီးမိုင်ပေါင်း ၁၅၀ ခန့်နှင့် မြင့်မားမတ်စောက်သော တောင်အလုံးရေ ၃၀ကျော်ကို ဖြတ်ကျော်ခဲ့ရသဖြင့် ခက်ခဲကြမ်းတမ်းသော တောင်တက်ခရီးစဉ်ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရေခဲများ ဖုံးလွှမ်းနေသော စာရာမေတီတောင်ထိပ်သို့ ဤသို့ ညီညာဖြဖြ တက်ရောက်ကြသည်။ (မြန်မာ့အလင်း)

ချောက်ကမ်းပါးများကို ကျော်ဖြတ်ကာ စာရာမေတီတောင်ထိပ်သို့ ဤသို့ တက်ရောက်ခဲ့ကြရသည်။ (မြန်မာ့အလင်း)

# ရေနံချောင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၈ရက် စနေနေ့ နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန် ဆုပေးပွဲအတွက် ၂၀၀၇-၂၀၀၈ ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသည့် မြို့နယ်သူ မြို့နယ်သားများ၏ သားသမီးများ အမည်စာရင်းကို မတ်၃ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌဦးလှရွှေ ဖုန်း-၅၇၂၄၄၀၊ ၀၉-၅၁-၅၆၈၆၅၊ ဘဏ္ဍာရေးမှူး ဦးတင်မောင်သန်း ဖုန်း-၅၄၂၄၂၄၊ ၀၉-၅၀-၃၈၉၉ နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ထွန်း ဖုန်း- ၆၈၀၆၆၁၊ ၀၉-၅၀-၇၆၁၁၂ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

# ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ အစည်းအဝေးတက်ရန် မလေးရှားသို့ ထွက်ခွာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)က ကြီးမှူး၍ မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၄၊ ၁၅ရက်များတွင် ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီအစည်းအဝေးနှင့်အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲနှင့်ပတ်သက်သည့်အစည်းအဝေးကိုတက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်တို့သည် ယမန်နေ့က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(မြန်မာ့အလင်း)**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၄) ထွက်နေပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပေါက်ပန်း၊ လဲပန်းနှင့် ဆူးပန်းတို့ ပွင့်လန်းကြသည့် ကုံရာသီအခါသမယ တပို့တွဲလအတွက် ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၄)ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။**(ဓါတ်ပုံ)**

## ဖော်ပြထား

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စိုက်ပျိုးရေးပေါ်တွင် သက်ရောက်နေသော ရာသီဥတုပြောင်းလဲမှုများ၊ အထူးအထွက်တိုး ဂျုံစိုက်ပျိုးရေး၊ အရည်အသွေးကောင်း သရက်သီးရရှိရန် ကိုင်းဖြတ်ပုံသွင်းပါ၊ ပြင်ဦးလွင်နယ်ထွက် ရွှေဖလားကြက်သွန်နီများ ဈေးကွက်ထိုးဖောက်ဖို့ ပြင်ဆင်နေပြီ၊ ကမ္ဘာ့ဆန်ဈေးနှုန်း အတက်ဘက်ကို ဦးတည်နေပြီလား၊ ပြည်ပဈေးကွက်ရရှိရေး မြန်မာ့ဆန်များ အရည်အသွေးကောင်းဖို့လိုစသည့် စိုက်ပျိုး ရေးဆောင်းပါးများ၊ ဒေသခံအိမ်မွေးတိရစ္ဆာန်များ၏ ထုတ်လုပ်မှုအရည်အသွေးမြင့်မားရေး၊ မလေးရှားနိုင်ငံသို့ သိုး၊ ဆိတ်ကောင်ရေ ၅၀၀၀ပို့ရန် ရည်မှန်းထား၊ မြန်မာနိုင်ငံမှ ဝက်သားတန်ချိန် ၄၀၀၀ ဝယ်ယူရန် အိန္ဒိယစာချုပ်ချုပ်ဆို၊ ဝက် မွေးမြူရေး စနစ်တကျလုပ်ကိုင်ပါက ပြည်ပသို့ အများအပြားတင်ပို့နိုင်မည်၊ မှားတဲ့အခါလည်း မှားပေမပေါ့ စသည့် မွေးမြူရေးဆောင်းပါးများ၊ ကုရခက်တာ သတိပြုပါလေ၊ ဆီးချိုရောဂါအတွက် သဘာဝဆေးဖက်ဝင်အပင်များ၊ ဘက်စုံအသုံးဝင်၄က်ပျောပင်၊ ဆေးဖက်ဝင်လက်ဖက်ပင်၊ လိမ္မော်သီး၏ အကျိုးအာနိသင်စသည့် ကျန်းမာရေးသတင်းဆောင်းပါးများ၊ ကျေးလက်အလှူပွဲများနှင့် မြန်မာ့စိတ်ရင်း၊ နှောကန်ရွာမှ ထန်းခေါက်တောင်းရက်လုပ်ငန်း၊ နွဲကြစို့ပျော်ပျော် တပို့တွဲလ ထမနဲပွဲတော်၊ ကိုရီးယားနှစ်နိုင်ငံအကြား ဆက်ဆံရေးတင်းမာလာ၊ တရုတ်နိုင်ငံ၏ စီးပွားရေးနေးကွေးနေ၊ ကမ္ဘာ့စက်မှုနိုင်ငံကြီးအချို့၏ စီးပွားရေး အလားအလာ၊ မလေးရှားနိုင်ငံအကြောင်း သိကောင်းစရာ၊ စင်ကာပူစီးပွားရေး အကျပ်အတည်းတွေ့လျက် ရှိစသည့် အသိပညာပေး သုတရသဆောင်းပါးများ၊ ကျွန်တော်တို့အနုပညာဟာ အားလုံးအတွက်ဖြစ်နေရမယ်ဆိုတဲ့ ဟာသအနုပညာရှင် အကယ်ဒမီမိုးဒီနှင့် တွေ့ဆုံခြင်းစသော အနုပညာဆောင်းပါးများ၊ နိုင်ငံတကာအားကစားသတင်းများနှင့် အမေ့သားချစ် အကြီးကောင်ဝတ္ထုတို တို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

## ဆက်သွယ်ပေးပို့

ဒို့ကျေးရွာ ဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆ ၃၇၁၃၄၂သို့ ဆက်သွယ်ပေးပို့နိုင်သည်။

**(သတင်းစဉ်)**

# မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးများ၏တာဝန်

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအလိုက် ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိကြသည်။ ရေ၏အတိမ်အနက်ကို ကြာရိုးကြာစွယ်ဖြင့် သိနိုင်သကဲ့သို့ လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို ၎င်းလူမျိုး၏ ယဉ်ကျေးမှုဖြင့် စံပြုတိုင်းတာရပေသည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် ဟီရိဩတ္တပ္ပတရားဖြင့် ကြီးပြင်းလာခဲ့ကြသော လူ့အဖွဲ့အစည်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများသည် အဆင့်အတန်း မြင့်မားဝင့်ကြွားခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်နှင့်ချီ၍ ဖြစ်တည်ထွန်းကားခဲ့သည်။ ကိုယ့်ထီးကိုယ့်နန်းနှင့် ထည်ထည်ဝါဝါ နေထိုင်လာခဲ့ကြသည်နှင့်အညီ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့တို့သည် ယနေ့ကာလတိုင် တည်တံ့ ခိုင်ခံ့နေဆဲဖြစ်သည်။

ယဉ်ကျေးမှုဆိုသည်မှာ လူသားတို့မွေးဖွားသည်မှစ၍ သေဆုံးချိန်အထိ လူသားတို့ပြုလုပ်သုံးစွဲခဲ့သည့် အသုံးအဆောင်များ၊ ယုံကြည်ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်မှု၊ ပြောဆိုသည့်ဘာသာစကား၊ လူမှုဆက်ဆံရေးစနစ်၊ ရိုးရာဓလေ့ထုံးစံ၊ အတွေးအခေါ် ဓလေ့စရိုက်၊ လက်မှုပညာ၊ အနုသုခုမတို့ကို ပေါင်းစုပြီး ခေါ်ဆိုခြင်းဖြစ်သည်ဟု မနုဿဗေဒပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုမြင့်မားခြင်း၊ နိမ့်ကျခြင်းကို အထက်ပါ အချက်တစ်ချက်စီဖြင့် တိုင်းတာသုံးသပ် ကြည့်ရမည်ဖြစ်သည်။

**မည်မျှပင်ခက်လက်ဝေဖြာသည့် သစ်ပင်ကြီးဖြစ်ပါစေ ရေသောက်မြစ်ကို ဖြတ်တောက်လိုက်လျှင် ပင်စည်ခြောက်၍ ညှိုးနွမ်းသွားရသည်။ ထိုနည်းတူ မည်မျှ ချမ်းသာကြွယ်ဝသည့် နိုင်ငံဖြစ်ပါစေ ယဉ်ကျေးမှု ဆိတ်သုဉ်းပါက ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ဂုဏ်သိက္ခာသည် ညှိုးမှိန်သွားရပေမည်။ ယဉ်ကျေးမှုဟူသည် လူမျိုး၏အသက်၊ လူမျိုး၏ ဂုဏ်သိက္ခာဖြစ်သည်။ လူသားတို့၏ တန်ဖိုးကို ယဉ်ကျေးမှုဖြင့် မွမ်းထုံထားသည်ဖြစ်ရာ ယဉ်ကျေးမှု ကင်းမဲ့ပါက ထိုလူများမှာ လူ့တစ်ခြမ်းပဲ့ဖြစ်သွားမည်။ ထိုနိုင်ငံမှာ အဆင့်အတန်း နိမ့်ကျသောနိုင်ငံ ဖြစ်သွားပေမည်။**

မြန်မာ့မြေတွင် မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝသည့်နည်းတူ မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာကောင်းများကို မြန်မာ့သမိုင်းအစကာလကပင် ခံယူကျင့်သုံး ပိုင်ဆိုင်လာခဲ့ကြသည်။ ရှေးနှစ်ပေါင်းများစွာကပင် ပေါ်ထွန်းဖြစ်တည်လာခဲ့သည့် မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီးသည် မြန်မာတို့၏နှလုံးအိမ်ထဲတွင် စွဲမြဲနေရာယူဆဲဖြစ်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု အဆောက်အအုံကြီးကို သီးသီးသန့်သန့် ပိုင်ဆိုင်နေခြင်းသည် နိုင်ငံနှင့်လူမျိုး၏ အတိတ်သမိုင်းကြောင်း ခမ်းနားထည်ဝါခိုင်ခံ့မှုကို ဖော်ညွှန်းပြသနိုင်သည့် ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်သည်။

မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ရှေးစဉ်လာမပျက် မြဲမြံတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည်လည်း အမျိုးကိုချစ်သည့်စိတ်ဓာတ်နှင့် အမျိုးအနွယ်ကို စောင့်ထိန်းသည့်စွမ်းအားတို့ ကြီးမားခဲ့ထည်ခဲ့သောကြောင့် ဖြစ်ပေသည်။ ယင်းသို့ တည်တံ့ခိုင်ခံ့နေသည့် အမျိုးသားယဉ်ကျေးမှုကြီး ပိုမိုတောက်ပြောင်ခမ်းနားစေရေး၊ ခေတ်ကာလနှင့်လျော်ညီစွာ တိုးတက်စည်ပင် ဖြစ်ထွန်းရေးအတွက် တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

မြန်မာ့မြေပေါ်ရှိ ယဉ်ကျေးမှုပစ္စည်းများကို ရှေးမူမပျက်ထိန်းသိမ်းကြပြီး မြေအောက်ရှိပစ္စည်းများကို တူးဖော်ခြင်း၊ သုတေသနပြုခြင်းတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မြန်မာတို့၏ တာဝန်ဖြစ်သည်။

နိုင်ငံတော်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။ သာသနိက အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးဟောင်းနန်းတော်နှင့် မြို့ရိုးများ တူးဖော်ခြင်း၊ ရှေးဟောင်းမြို့တော်များ တူးဖော်သုတေသနပြုခြင်း၊ သမိုင်းဝင် ပစ္စည်းများ၊ ကျောက်စာ၊ ပေပုရပိုဒ်များ၊ နံရံဆေးရေးပန်းချီများကို ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်းရေးအတွက် မြန်မာ့သမိုင်း၌ မပေါ်ထွန်းခဲ့ဖူးသော နိုင်ငံတကာအဆင့်မီ ယဉ်ကျေးမှုတက္ကသိုလ်ကြီးကို ၂၄-၉-၁၉၉၃ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို မျိုးဆက်သစ်တို့ ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရန် စီမံပေးခဲ့သည်။

ထို့အတူ နိုင်ငံသားတိုင်းကလည်း မြန်မာ့သမိုင်းဦးအစကပင် ဘိုးဘေးတို့လိုက်နာကျင့်သုံးအမွေထားခဲ့သည့် နက်နဲသိမ်မွေ့သော တွေးခေါ်မြော်မြင်မှုများ၊ အဆုံးအမတရားများ၊ လူသားချင်းစာနာထောက်ထားမှုများ၊ တန်းတူရည်တူရှိမှုများ၊ အပြန်အလှန်အလေးအမြတ်ထားမှုများ၊ လူမှုကျင့်ဝတ်စဉ်လာများကို အရိုးပေါ် အရွက်မဖုံးစေရန် ကြိုးပမ်းလိုက်နာရမည် ဖြစ်ပါသည်။

ကျင့်ဝတ်စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း မပြုနိုင်သူတို့အတွက် ရှက်ဖွယ်လိလိဖြစ်ရကြောင်း ဆရာမိဘတို့က စဉ်ဆက်မပြတ် သွန်သင်ဆုံးမခဲ့ပေသည်။ ဤအချက်နှင့်ပတ်သက်၍ ရွှေကျောင်းဆရာတော်က "ဆိုထွေစကား၊ သကာပျားသို့၊ ကြားသူစုံမက်၊ နားနှစ်ဖက်၌၊ ချမ်းမြေ့ဖေမြေ၊ ပီတိဝအောင်၊ ပီယဝါစာ၊ ချစ်ပျူငှာဖြင့်၊ ချိုသာပျံ့သင်း၊ နတ်စောင်းညှင်းသို့၊ မပြင်းညံ့ပြေ၊ ဆိုတတ်စေလော့၊ အနေအထိုင်၊ အကိုင်အတွယ်၊ အရယ်အပြုံး၊ အသုံးအစွဲ၊ အလဲအခါ၊ အလာအသွား၊ အစားအသောက်၊ ထိုမှုရောက်လည်း၊ လျောက်လျောက်ပတ်ပတ်၊ ပိတ်ကြွေခတ်သို့၊ သေသပ်ဣန္ဒြေ၊ ကျစ်လျစ်စေလော့၊ နူတ်ခြေလက်ကြမ်း၊ ပရမ်းပတာ၊ မသာစကား၊ အသွားအနေ၊ မပြေမပြစ်၊ ကျစ်လျစ်မရှိ၊ သမာဓိနှင့်၊ သတိတရား၊ ဆင်ငယ်နားသို့၊ တည်ကြားမဲ့ထွေ၊ ရှိတုံချေက၊ လူ့ပြေ(ပြည်)မျက်မြင်၊ သူပြစ်တင်လျက်၊ သံသရာဘေး၊ လိမ်ယုက်ထွေးအံ့" ဟူ၍ တပေါင်းတစုတည်း စုရုံးညွှန်ပြခဲ့သည်ကို ထာဝရအမှတ်ရနေသင့်ပေသည်။

ထို့အပြင် တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မလာစေရန်၊ မျိုးချစ်စိတ်ဓာတ် ကိုယ်ခံစွမ်းအားရှိရန် မြန်မာဘိုးဘွားမိဘတို့က အစဉ်ဆုံးမခဲ့ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့အနေဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်မကြီးရန်၊ လမ်းမှားမလိုက်မိရန် ရည်ရွယ်၍ ကယားတိုင်းရင်းသားတို့က မသွားဖူးသည့်လမ်း ခေါ်တိုင်းမလိုက်နှင့်၊ မစားဖူးသည့်အစား ကျွေးတိုင်းမစားနှင့်ဟု မှာကြားခဲ့သည်။ ဧည့်သည်က အိမ်ရှင်ကို နိုင်တတ်သည်ဟူ၍လည်း တိုင်းတစ်ပါးအန္တရာယ်ကို လက်ညှိုးထိုးပြခဲ့သည်။ မြန်မာတို့က "**မြေမျို၍ လူမျိုး မပျောက်၊ လူမျိုမှ လူမျိုးပျောက်မည်**" ဟု ဆိုခဲ့သည်။

ချင်းတိုင်းရင်းသားတို့ကမူ ကိုယ့်မျိုးစေ့ ကိုယ်ရှိသေရမည်ဟု ပြောခဲ့သည်။ ရဝမ်တိုင်းရင်းသားတို့ကလည်း ရန်သူလက်ဆောင်သည် အလွန်ကြောက်ဖွယ်ကောင်း၏ဟု တိုင်းတစ်ပါး၏ ပရိယာယ်ကို အတိအလင်း သတိပေးခဲ့သည်။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်။ ထို့အတူ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ သိပ္ပံပညာက မော်ဆရာ၏ဆေးကြိမ်လုံးပမာ ကမ္ဘာကြီးကို ချုံ့ပစ်လိုက်ရာ ကမ္ဘာ့အရှေ့ဖျားက မျက်နှာသည် အနောက်ဖျားမှာ ဘွားခနဲပေါ်လာပြီး ကမ္ဘာ့မြောက်ဘက်ခြမ်းက အသံသည် တောင်ဘက်ခြမ်းမှာ ဝုန်းခနဲကြားနေရသည်။

## နှင်းဦးခိုင်

Globalization ခေတ်တွင် ကွန်ပျူတာ၊ အီးမေးလ်၊ အင်တာနက်များကြောင့် ပြည်တွင်းရေးသည် ပြည်ပရေးနှင့်ဆက်စပ်လာပါသည်။ ထိုအခါ ပြည်တွင်းရှိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်မှုများသည် ပြည်ပ၏ထိုးနှက်ဝင်ရောက်မှုကို ခံရပါသည်။ ထို့အတူ အတွေးအမြင် အသိတရားများကိုပါ ရိုက်ခတ်လာပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကိုပါ ထိုးနှက်လာပါသည်။ ဤသည်မှတစ်ဆင့် နိုင်ငံရေးဩဇာချဲ့ထွင်မှုအထိ ဖြစ်လာနိုင်ပါသည်။ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံအချို့က နိုင်ငံငယ်များအပေါ် ယဉ်ကျေးမှုဓလေ့ထုံးစံကို အကာအကွယ်ယူပြီး နိုင်ငံရေးအရ ထိုးနှက်ချက်မှာ ခေတ်စားလျက်ရှိပေသည်။

ဓနအင်အားနှင့် နည်းပညာ အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့က ခေတ်မီသတင်းနှင့်ဆက်သွယ်ရေး နည်းပညာများသုံး၍ ယင်းတို့၏ ယဉ်ကျေးမှုနှင့်လူနေမှုစရိုက်များ စိမ့်ဝင်ထိုးဖောက်လာနေသည်ကို တွေ့ရသည်။ အထူးသဖြင့် လူငယ်လူရွယ်များအပေါ် တေးဂီတ၊ အနုပညာ၊ အဆိုအက၊ ဝတ်စားဆင်ယင်မှုများမှစ၍ အတွေးအခေါ် အယူအဆ၊ ဓလေ့စရိုက်များအထိ လွှမ်းမိုးလာနေသည်။

သိပ္ပံနှင့်နည်းပညာများ၊ အသိအမြင်ဗဟုသုတ အတွေးအခေါ်များ ခေတ်နှင့်အညီ တိုးတက်လာခြင်းသည် ကောင်းသောလက္ခဏာဖြစ်သည်။ ခေတ်အလိုက် စမ်းသပ်တီထွင်မှုရှိရန်လည်း လိုသည်။

သို့သော် ပြည်ပမှ တေးဂီတ သီဆိုတင်ဆက်မှု၊ ဝတ်စားဆင်ယင်မှုများကို တစ်သဝေမတိမ်း အတုယူပြောင်းလဲ ကျင့်သုံးခြင်းများမရှိစေရန် သတိပြုဆင်ခြင်ရမည်။ အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုအမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ မြန်မာ့ဓလေ့နှင့်မကိုက်ညီသည့် ပြုမူ၊ပြောဆို၊နေထိုင်မှုများ မပြုလုပ်စေရေးကို ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၇သန်းကျော်ရှိသည့်အနက် ထက်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ အိမ်ထောင်တစ်ခု၏ ထောင့်သုံးထောင့်သည် အမျိုးသမီးများ၏ ပခုံးပေါ်တွင်ရှိနေ၍လည်းကောင်း၊ ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးမည်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ အမျိုးသမီးများသည် တစ်မိသားစုချင်းမှစ၍ နိုင်ငံနှင့်လူမျိုးအထိ ယဉ်ကျေးမှုများ ထိန်းသိမ်းမြှင့်တင်ပေးရမည် ဖြစ်ပေသည်။

အလှအပကို ခုံမင်၍ စိတ်နှလုံးနုနယ်သော အမျိုးသမီးများအနေဖြင့် "**ဆန်းတိုင်းမဝယ်၊ ဆွယ်တိုင်းမရော၊ ပြောတိုင်းမယောင်၊ အိုအောင်မဆင်းရဲ**" ဟူသော ဆိုရိုးစကားလေးကို ဘဝအတွက် လက်ကိုင်ထား၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသင့်ပေသည်။ ဝန်ကြီးပဒေသရာဇာ၏ စာအချိုးထဲမှ "**ပုံနေသင့်ခိုင်း ပမာနိူင်းသော်၊ ဗျိုင်းနှင့်ဟင်္သာ မတူပါသည်၊ အင်္ဂါအားလုံးကွဲသည့်နှယ်**" ဟုဆိုထားသကဲ့သို့ မြန်မာသခင်မများနှင့် ကျွန်စော်နံသူများ၏ တင့်တယ်ပုံကွဲပြားမှုကို ညွှန်ပြပြီး မိမိတို့၏ သမီးငယ်လေးများကို ထိန်းသိမ်းသင့်သည်။ မြန်မာ့မြေပေါ်ရှိ မိဘနှစ်ပါးက ဖွားမြင်သော မြန်မာအမျိုးသမီးတစ်ဦးသည် မြန်မာ့မြေပေါ်တွင်သာ မိမိ၏ဘဝကို အပ်နှံသင့်ကြောင်း တိုင်းတစ်ပါးကို အထင်မကြီးရန် လမ်းလွှဲမလိုက်ရန် ဆုံးမရပေမည်။

ရှေးအစဉ်အဆက်က မြန်မာအမျိုးသမီးများသည် သဒ္ဓါသီလ သုတစာဂ ဟီရိဩတ္တပ္ပ ပညာတည်းဟူသော သူတော်ကောင်းတရား လက်ကိုင်ထားလျက် ယဉ်ကျေးမှုကို စောင့်ထိန်းခဲ့သူများဖြစ်သည်။ အိမ်ထောင်ထိန်းသိမ်းနိုင်စွမ်းရှိပြီး ရင်သွေးကို ကောင်းစွာပြုစုနိုင်ခြင်းမှာ ကမ္ဘာ့အဆင့်မီ ဖြစ်ပါသည်။

ယနေ့ မြန်မာအမျိုးသမီးတို့သည်လည်း အဘက်ဘက်တွင် တိုးတက်အောင်မြင်နေကြပါပြီ။ နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ မြန်မာအမျိုးသမီးဂုဏ်ကို ဆောင်နေကြပါသည်။ စီးပွားရေးခေါင်းဆောင်များ၊ မန်နေဂျာများ၊ ကုမ္ပဏီပိုင်ရှင်များ၊ အားကစားသမားများ၊ ပညာရေး၊ ကျန်းမာရေး၌ ပါမောက္ခများအဆင့်ထိ ပေါ်ထွက်လာခဲ့ကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀-၁၂-၂၀၀၃ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့၏ ရည်ရွယ်ချက်မှာ-

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။**
- **အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။**
- **တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်။**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်ရန်။**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်**

ဟူသော ရည်ရွယ်ချက်များဖြစ်ပြီး အောက်ပါအခြေခံမူများချမှတ်ကာ မြန်မာအမျိုးသမီးစွမ်းအားစုကြီးကို ကမ္ဘာ့အလယ်တွင် ဂုဏ်ကျက်သရေတိုးမြှင့်လျက်ရှိပါသည်။ အဖွဲ့၏ အခြေခံမူများမှာ-

၁။ **အမျိုးသားရေးဆိုင်ရာ အခြေခံမူ။ ဒို့တာဝန် အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားရေး သက်သက်ကိုသာ ဆောင်ရွက်မည်။**

၂။ **တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ။ ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည်။**

၃။ **ဘာသာရေးဆိုင်ရာအခြေခံမူ။ မိမိတို့သက်ဝင်ယုံကြည် အားထားသည့် ဘာသာရေးကိုးကွယ်ဆည်းကပ်မှုကို တတ်စွမ်းသမျှ ကူညီအားပေးမည်။**

၄။ **လူမှုရေးဆိုင်ရာအခြေခံမူ။ ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်။**

၅။ **အမျိုးသမီးရေးရာအခြေခံမူ။ အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဟူ၍ ဖြစ်ပေသည်။**

သို့ဖြစ်ရာ အမျိုးသမီးရေးရာအဖွဲ့ဝင် ကျွန်မတို့ မြန်မာအမျိုးသမီးများသည် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ အမျိုးသားရေးစံနှုန်းများနှင့် လူမှုတန်ဖိုးများ ပိုမိုမြင့်မားအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။ မျိုးဆက်သစ်များကိုလည်း မြန်မာတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုတို့ကို ခံစားသိမြင်စေခြင်းအားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထာဝရနိုးကြားရှင်သန်စေပြီး တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လွှမ်းမိုးမှုကို ကာကွယ်နိုင်အောင် ကြိုးပမ်းကြပါစို့ဟူ၍ ရေးသားလိုက်ရပါသည်။ ။

**မည်မျှ ချမ်းသာကြွယ်ဝသည့် နိုင်ငံဖြစ်ပါစေ ယဉ်ကျေးမှုဆိတ်သုဉ်းပါက ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ဂုဏ်သိက္ခာသည် ညှိုးမှိန်သွားရပေမည်။ ယဉ်ကျေးမှုဟူသည် လူမျိုး၏ အသက်၊ လူမျိုး၏ ဂုဏ်သိက္ခာဖြစ်၏။**

# နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့ နွယ်ချို(၁)ရပ်ကွက် နန်းဦးစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တယုဂန္ဓရ၏

## ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ် ဘုရားငါးဆူအုပ်စု မြို့ကြီးရွာ ခမည်းတော် ဦးပုပိုင်း၊ မယ်တော် ဒေါ်ပေါ် တို့က ၁၂၇၄ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၀ပြည့်နှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ပြီး ၁၂၉၄ခုနှစ် နယုန်လပြည့်ကျော် ၃ရက် နံနက် ၉နာရီတွင် ပေါင်းတည်မြို့ ပင်ကတောကျောင်းဆရာတော် ဦးကဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ပေါင်းတည်မြို့ ဘုရားငါးဆူအုပ်စု မြို့ကြီးရွာနေ ဦးထွန်းခင်၊ ဒေါ်ဖွားခင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပင်ကတောကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့အနောက်ပြင်၊ ခင်မကန်တိုက်၊ သူဌေးကျောင်း ဆရာတော်ထံ၌လည်းကောင်း၊ ပခုက္ကူအလယ်တိုက်ဆရာတော် ဦးပညာဝံသ၊ ဆရာတော် ဦးသုန္ဒရ အစရှိသော ဆရာတော်တို့ထံ၌လည်းကောင်း၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဆရာတော်ဦးဉာဏဝံသ အစရှိသော ဆရာတော်များထံတွင်လည်းကောင်း ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့သည်။

### စာပေပို့ချရေးနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် နန်းဦးကျောင်းတိုက်၌ သက်တော် (၃၄)နှစ်၊ သိက္ခာတော် (၁၄)ဝါမှစ၍ တိုက်အုပ်စာချဆရာတော်အဖြစ် ငယ်/လတ်/ကြီး စာဝါများကို ပို့ချပေးခဲ့သည်။ ဆရာတော်သည် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(မဟာဒွါရ)၊ ပေါင်းတည်မြို့ ပထမပြန်စာမေးပွဲ၏ အထူးကြီးကြပ်ရေးဆရာတော်နှင့် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် စသော သာသနာ့တာဝန်များကိုထမ်းဆောင်တော်မူခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၇)နှစ်၊ သိက္ခာတော်(၇၈)ဝါ အရ ၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၃ရက် (၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်) ကြာသပတေးနေ့ နံနက် ၂နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အနိုင်ရဗိုလ်စွဲသွားသော အမှတ်(၁၈)ရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သိန်းက ငွေကျပ် ၁၅၀၀၀၀နှင့် တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်စဉ်။ (၀၉၇)

ဖေဖော်ဝါရီ ၇ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများဆယ်ယူခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖျန်းခြင်း၊ ဖုံး၊သွန်၊လဲ၊စစ်ခြင်းများကို ရပ်ကွက်ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အတွင်းရေးမှူးဦးစိုးလှိုင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်ကြိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၂၃)

# ငွေဆောင်ကမ်းခြေ ထမနဲထိုးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းက ကြီးကြပ်၍ ငွေဆောင်ဟိုတယ်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကျင်းပသည့် ပထမအကြိမ် ငွေဆောင်ကမ်းခြေ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေ၌ကျင်းပရာ ငွေဆောင်ကမ်းခြေရှိ ဟိုတယ်များမှ အသင်းငါးသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးဦးအောင်မျိုးလှိုင်က ပထမဆုရ (Palm Beach Resort) ကိုလည်းကောင်း၊ ဒုတိယဆုရ ရွှေမြန်မာ စားသောက်ဆိုင်ပိုင်ရှင် ဦးသိန်းအောင်က(Silver View Resort)ကိုလည်းကောင်း၊ ငွေဆောင်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်ဌေးလင်းက တတိယဆုရရှိကြသည့် (Emerald Sea Hotel) တို့ကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (အောက်ပုံ)

### ဧည့်ခံကျွေးမွေး

အဆိုပါပြိုင်ပွဲသို့ ဟိုတယ်များတွင် တည်းခိုလျက်ရှိကြသည့် နိုင်ငံခြားသားခရီးသွားများ၊ ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ငွေဆောင်ပတ်ဝန်းကျင်ရှိ မြို့သူမြို့သားများ လာရောက်ကြည့်ရှုအားပေးကြပြီး ထမနဲဖြင့် ဧည့်ခံကျွေးမွေး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာ တိုက်နယ်ဆေးရုံ

## တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ကျောက်ကြီးမြို့နယ် နတ်သံကွင်းကျေးရွာ တိုက်နယ်ဆေးရုံကိုကြည့်ရှုစစ်ဆေးပြီး လူနာများအားအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် နတ်သံကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ရွာကြီးအင်းအုပ်စု တောင်သူ ဦးမောင်ခိုင်၏ နွေစပါးစိုက်ခင်းနှင့် ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ကျောက်ကြီး-ရွှေကျင်လမ်းပိုင်း မိုင်တိုင်အမှတ်(၈၈/၆)အနီးရှိ အင်္ဂနီတံတား ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဇဗ္ဗာန်းမြို့နယ် မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မွန်လတ် ဖတ်ကြားစဉ်။ (၁၃၅)

# (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ၌ အလင်းရောင် ကျေးလက်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ ကွက်သစ်(၃) ကျေးလက် ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၅ရက်က ယင်းကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးကိုယ်စား ဦးသန်းဝင်း(ဓာတ်ပုံ)၊ ကျေးရွာဥက္ကဋ္ဌ ဦးအေးကြူနှင့် စာကြည့်တိုက်အလှူရှင် ဦးချိုလေး(အောက်ယာပုံ) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို စာကြည့်တိုက်အတွင်းကျင်းပရာ အစီအစဉ်အရ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်က ကျေးလက်စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် စာဖတ်သူတိုးပွားရေးလုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပြီး အလင်းရောင်ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၃၀၀၊ စေတနာရှင် ဦးချိုလေးက စာအုပ်နှင့် ဂျာနယ်မျိုးစုံ အုပ်၂၀၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းလင်းက လက်ခံယူသည်။ (ခရိုင် ပြန်/ဆက်)

# မဟာတိုး ခရီးသွားလုပ်ငန်း နိုင်ငံတကာခရီးသွားလုပ်ငန်း အကောင်းဆုံးဝန်ဆောင်မှု ရွှေဆုချီးမြှင့်ခံရ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

စပိန်နိုင်ငံ Business Initiative Directions (BID)အဖွဲ့က ကြီးမှူးချီးမြှင့်သည့် ၂၀၀၉ခုနှစ်အတွက် နိုင်ငံတကာ ခရီးသွားလုပ်ငန်း အကောင်းဆုံးရွှေဆုရ International Arch of Europe Award in the Gold Category in Frankfurt 2009 ကို မြန်မာနိုင်ငံမှ မဟာတိုးခရီးသွားလုပ်ငန်းမှ ရရှိခဲ့သည်။

### အကောင်းဆုံးဝန်ဆောင်မှု

အဆိုပါဆုကို BID အဖွဲ့ကကြီးမှူး၍ ဥရောပနိုင်ငံများနှင့် အခြားနိုင်ငံပေါင်း ၉၃နိုင်ငံမှ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များက စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံ Frankfurt မြို့၌ ဖေဖော်ဝါရီ ၂၃ရက်တွင်ကျင်းပမည့် (၃၅) ကြိမ်မြောက် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ လာရောက်၍ ဆုလက်ခံရယူရန် မဟာတိုး ခရီးသွားလုပ်ငန်းအဖွဲ့ကို BID အဖွဲ့ကြီးက ဖိတ်ကြားထားပြီးဖြစ်သဖြင့် မဟာတိုး ခရီးသွားလုပ်ငန်းအဖွဲ့မှ ဒါရိုက်တာအဖွဲ့က အကောင်းဆုံးဝန်ဆောင်မှု ရွှေဆုကို သွားရောက်လက်ခံရန် စီစဉ်လျက်ရှိသည်။

### ဆက်သွယ်မေးမြန်း

မဟာတိုးခရီးသွားလုပ်ငန်း၏ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက မဟာတိုးခရီးသွားလုပ်ငန်း (MAHA TOE Travels & Tours) အမှတ်၈၁၅ မဟာဗန္ဓုလလမ်းနှင့် လှည်းတန်းလမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့နှင့် အမှတ် ၆/ ၁၁လမ်း (အောက်လမ်း) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၇၃၂၂၊ ၂၂၁၅၈၆၊ ၂၁၁၇၀၃၊ ဖက်စ် ၀၉-၅၁-၂၂၇၃၂၂နှင့် e.mail; mahatoe @ myanmar. com. mm တို့သို့ စုံစမ်းဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဒေသသဘာဝမြေနှင့်ကိုက်ညီသည့် ဆီမုန်လာ၊ ဆီမုန်ညင်း တိုးချဲ့စိုက်ပျိုးရေး မြေပြုပြင်ဆောင်ရွက်

နောင်ချို ဖေဖော်ဝါရီ ၁၄

မြေပဲဆီကဲ့သို့ စားသုံးမှုကောင်းမွန်ပြီး ရှမ်းပြည်နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဒေသသဘာဝမြေရာသီဥတု၌ စိုက်ပျိုးဖြစ်ထွန်းသည့် ဆီမုန်လာ၊ ဆီမုန်ညင်းများကို ၂၀၀၈ ခုနှစ်ကထက် ယခုနှစ်၂၀၀၉ ခုနှစ်စိုက်ပျိုးရာသီတွင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးအတွက် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာအပါအဝင် အခြားကျေးရွာများမှ တောင်သူဦးကြီးများက စိုက်ပျိုးရန်အတွက် မြေများထယ်ရေးပြင်ဆင်နေကြသည်။ ဆီမုန်လာ၊ ဆီမုန်ညင်း တစ်ဧကလျှင် ၁၀တင်းမှ ၁၂တင်းထွက်ရှိပြီး တစ်တင်းလျှင် ဆီခြောက်ပိဿာခန့်ရရှိရာ ဝင်ငွေကောင်းသဖြင့် တောင်သူဦးကြီးများ စိတ်ဝင်စားကြပြီး တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ (၀၂၅)

## ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
# လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

### လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) ၄က်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ) | ၂၉၆၄ ချပ် ၁ ချပ် | ကျပ် ၁၆၂၀၀၀၀ နှုန်း |
| (၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ) | ၄၂၀၈ ချပ် ၁ ချပ် | ကျပ် ၅၈၀၀၀၀ နှုန်း |
| (၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ) | ၂၂၈၁၉ ချပ် ၁ ချပ် | ကျပ် ၂၂၀၀၀ နှုန်း |
| (၄) စကျင်ကျောက် (၂ပေ×၂ပေ) | ၁၀၀၈၈၉ ချပ် ၁ ချပ် | ကျပ် ၁၃၀၀၀ နှုန်း |
| (၅) မြစ်သားကျောက် (၂ပေ×၂ပေ) | ၂၄၇၈၆ ချပ် ၁ ချပ် | ကျပ် ၁၃၀၀၀ နှုန်း |

### ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဉပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## ရခိုင်ပြည်နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး
## တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉ နာရီက စစ်တွေမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း
## ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**သတင်းမှတ်စု-ဗိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း-စိုင်းရဲရင့် စာမျက်နှာဖွဲ့စည်းမှု-အေးအေးလွင်(မြန်မာ့အလင်း)**

ရန်ကုန် ဖေဖော်ဝါရီ ၁၄

**၂၀၀၉ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၇)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၆နာရီ၁၅မိနစ်မှစ၍ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ ဆက်လက်ကျင်းပသည်။**

### လူရွေးပွဲကျင်းပ

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသမီးမီတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ မီတာ ၁၀၀x ၄ လက်ဆင့်ကမ်းပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ၊ အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ တုတ်ထောက်ခုန်ပြိုင်ပွဲ၊ မီတာ ၁၀၀x ၄ လက်ဆင့်ကမ်းပြိုင်ပွဲ၊ မီတာ ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ စုစုပေါင်း ဗိုလ်လုပွဲ၁၀ပွဲ၊ လူရွေးပွဲလေးပွဲ ကျင်းပသည်။

အမျိုးသားမီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်နေကြစဉ်။ (မြန်မာ့အလင်း)

### စံချိန်သစ်

အမျိုးသမီး မီတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမ စောမာလာနွယ် (စီးပွား/ကူးသန်း)၊ ဒုတိယ ကေခိုင်မျိုးထွန်း (စီးပွား/ကူးသန်း)၊ တတိယ ဖြူမင်းအုန်း (ပြည်ထဲရေး)တို့က ရရှိကြသည်။ ပထမနှင့် ဒုတိယဆုရရှိသူတို့၏ စံချိန်မှာ ၂၀၀၈ခုနှစ်က စီးပွား/ကူးသန်းမှ စောမာလာနွယ် တင်ထားသော ၁ နာရီ ၄၇ မိနစ် ၂၁ စက္ကန့်ကို ပထမဆုရရှိသူ ၄င်းကိုယ်တိုင်က ၁ နာရီ ၄၅ မိနစ် ၀၆ စက္ကန့်ဖြင့် လည်းကောင်း၊ ဒုတိယဆုရရှိသူ ကေခိုင်မျိုးထွန်းက ၁ နာရီ ၄၇ မိနစ် ၁၅ စက္ကန့်ဖြင့်လည်းကောင်း စံချိန်ချိုးကာ စံချိန်သစ် တင်နိုင်ခဲ့သည်။

### ဆုရရှိ

ကြိုးတပ်သံလုံးပစ်အမျိုးသားပြိုင်ပွဲတွင် ပထမ ကျော်ဝင်း (ကာကွယ်ရေး)၊ ဒုတိယ စိုးမိုးထွန်း(ပြည်ထဲရေး)၊ တတိယ စိုးတင့် (ပြည်ထဲရေး)၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ ဝင်းဝင်းမော် (ရထားပို့ဆောင်ရေး)၊ ဒုတိယ အေးအေးအောင်(စီးပွား/ကူးသန်း)၊ တတိယ မြင့်မြင့်ဆွေ (ရထားပို့ဆောင်ရေး)တို့က ရရှိကြသည်။

### စတင်ကျင်းပ

ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၆ နာရီ ၁၅မိနစ်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်၁၈ပွဲ ကျင်းပမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

## မီးလောင်မှုတွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၄ရက် ညနေ ၆နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာ၌ ဖြစ်ပွားခဲ့သော မီးလောင်မှုတွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့ကြသော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယုဇနကုမ္ပဏီလီမိတက်နှင့် ယုဇနပလာဇာ ဈေးသာယာရေးကော်မတီတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၅ရက်က ယုဇနပလာဇာခုနစ်လွှာခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက ဂုဏ်ပြုစကားပြောကြားပြီး ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေတို့က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားကြကာ ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

### အလှူငွေပေးအပ်

ယင်းနောက် မီးသတ်ဦးစီးဌာန(ရုံးချုပ်)အတွက် အလှူငွေကျပ် ၁၀သိန်း၊ မီးလောင်မှုတွင် ပါဝင်ငြိမ်းသတ်ခဲ့ကြသော ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနနှင့် တာမွေ၊ စမ်းချောင်း၊ ကျောက်တံတားနှင့် တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနများအတွက် ကွန်ပျူတာနှင့်ပရင်တာငါးစုံ၊ သာကေတ၊ အလုံ၊ ကြည့်မြင်တိုင်နှင့် သင်္ဃန်းကျွန်းမြို့နယ် မီးသတ်စခန်းများအတွက် ရုပ်မြင်သံကြားဖမ်းစက်၊ DVD စက်လေးစုံ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ပဲပုပ်ဆီများ၊ ဒေသခံတပ်ရင်းများနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတို့အတွက် အလှူငွေများ စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၂၀၀ကို တာဝန်ရှိသူများထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

## အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-Channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် (၂/၂၀၀၉)ကို မတ်လ ၃ရက်မှစ၍ ရှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

**ပြန်လည်ပေးပို့**

သင်တန်းသူ အမျိုးသမီး ၃၀ကိုသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဖေဖော်ဝါရီ ၂၇ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(အမျိုးသမီးရေးရာ)

### အကြိတ်အနယ်

**အမျိုးသားမီတာ ၄၈၀၀ နောက်ကျထွက် ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်များ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။** (မြန်မာ့အလင်း)

## (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း
## အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၀၉ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီက သုဝဏ္ဏစက်ဘီး လေ့ကျင့်ရေးကွင်းတွင် ကျင်းပသည်။

### အမှာစကားပြော

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ယမန်နှစ် ချန်ပီယံအသင်းများဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်းနှင့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းတို့က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံကြသည်။

### နှုတ်ဆက်

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် ပြိုင်ပွဲဝင်ကစားသမားများ အားကစား သစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး ပထမနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

### ပထမနေ့ပွဲစဉ်

ပထမနေ့ ပွဲစဉ်များအဖြစ် အမျိုးသား မီတာ ၄၈၀၀နောက်ကျန်ထွက် ပြိုင်ဘီးပြိုင်ပွဲ၊ ရိုးရိုးဘီးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၈၀၀ နောက်ကျန်ထွက် ပြိုင်ဘီးပြိုင်ပွဲ၊ ရိုးရိုးဘီး ပြိုင်ပွဲ၊ အမျိုးသားမီတာ ၁၀၀၀ တစ်ဦးချင်း စံချိန်ပြု ပြိုင်ဘီးပြိုင်ပွဲ၊ ရိုးရိုးဘီး ပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၅၀၀ တစ်ဦးချင်း စံချိန်ပြုပြိုင်ဘီးပြိုင်ပွဲ၊ ရိုးရိုးဘီးပြိုင်ပွဲတို့ ကျင်းပသည်။

### ကျင်းပမည်

ပြိုင်ပွဲကို အသင်းကိုးသင်းမှ ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဖေဖော်ဝါရီ ၂၀ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၅ရက်၌ တာဝေးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

**ဖေဖော်ဝါရီ ၇ရက်က အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ဒုတိယအကြိမ်တိုက်ကျွေးခြင်းကို သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် ရုံးစုရပ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလီ၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဒေါ်ဖြူဖြူစိုးနှင့်ကျန်းမာရေးဝန်ထမ်းများ မွေးစမှအသက်ငါးနှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးစဉ်။** (၁၂၁)

# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးမြင့်စိန်-ဒေါ်မဥ္ဇူလတ်တို့၏သားကြီး

**မောင်ထင်ကျော်မြင့် B.Arch**
**M.Sc (Building Science) (NUS, Singapore)**
**Assistant Architect (ID Architects Pte., Ltd. S'pore)**

နှင့်

စစ်ကိုင်းမြို့နေ
ဦးကျော်မောင်-ဒေါ်ညိုညိုစိမ့်တို့၏သမီးကြီး

**ဒေါက်တာယဉ်မင်းကျော် M.B.,B.S**
**D.M.A (LCCI. UK), Part III, A.C.C.A (UK)**
**M.D (Best Guiding Star Co., Ltd.) နှင့် ရွှေကုံကော်ပိုးထည်**

တို့၏ ၇-၂-၂၀၀၉ရက်တွင် Sedona Hotel(အမရပူရခန်းမ)၌ကျင်းပသော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပေါသော မော်မော်စန်းကျောက်မျက်ရတနာကုမ္ပဏီနှင့် မော်မော်စန်းထိုးမုန့်မှ ဥက္ကဋ္ဌဦးဟန်မြိုင်နှင့် ဇနီး သီဟသုဓမ္မသိင်္ဂီဒေါ်မေသက်မော်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော မြန်မာဒေဝီအင်ဒယ်စရီကုမ္ပဏီလီမိတက် ဒါရိုက်တာဦးစိုးလင်းနှင့် ဇနီး ဒေါ်အေးအေးကြိုင် တို့အားလည်းကောင်း၊ စုလျားရစ်ပတ်လက်ထပ်ပေးပါသော အောင်ကောင်းကျော် ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝေနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ဆွေသဇင်တို့အားလည်းကောင်း၊ မင်္ဂလာဘိသိက်သွန်းပေးပါသော အကြီးတန်း အင်ဂျင်နီယာဦးအောင်မြင့်အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟ များအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြပါသော စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဝတ်စုံ မဥ္ဇူ(Zu Zu Collection)၊ အန်တီသမီးမမေချို၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော စိန်စပွယ်ဖူးစိန်တိုက်၊ မိတ်ကပ်ဆံပင်အလှဖန်တီးပေးပါသော မိုးကုတ်ပေါက်ပေါက်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော Royal King အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲတွင် ဝိုင်းဝန်းကူညီပေးကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထင်ကျော်မြင့်-ဒေါက်တာယဉ်မင်းကျော်။**




**Golden Star**
မော်တင်စွန်း ခရီးစဉ်
ချောင်းသာ - ၁၃၀၀၀/-
ဟိုတယ်စရိတ်ငြိမ်း - ၂၀၀၀၀/-
Ph-544383, 09-5133640

ကိုရီးယားစတိုင် Pent House
တိုက်သစ်ရောင်းမည်
သုံးထပ်တိုက်(25'x50')
အပေါ်ဆုံးအလွှာ၊စမ်းချောင်းမြို့နယ်
ဖုန်း-၀၉-၅၀-၄၈၈၄၇

ဥတုရာသီ တောကိုမှီ၏

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ဖြူးမြို့နယ်တွင် ရပ်ကွက်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး လက်ရွေ့ပြိုင်ပွဲကျင်းပ

ဖြူး ဖေဖော်ဝါရီ ၁၄

ဖြူးမြို့နယ်၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒိုင်း ရပ်ကွက်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးလက်ရွေ့ပြိုင်ပွဲကို မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၁၈ရက်မှ ၂၃ရက်အထိ ကျင်းပရာ အသင်းပေါင်း ၁၁သင်းနှင့် အသင်းသားဦးရေ ၁၂၉ဦး ပါဝင်ယှဉ်ပြိုင်ကြရာ အမျိုးသမီး ၇၅ပေါင်တန်း တွင် အကောင်းဆုံးဆုကို စန်းစန်းမော်(ဖြူးအရှေ့)၊ အမျိုးသား သက်ငယ် တန်းတွင် အကောင်းဆုံးဆုကို မောင်မျိုးထက်အာကာကျော် (ဆေးရုံရပ်ကွက်)၊ အမျိုးသားသက်ကြီးတန်းတွင် သန်းထိုက်(ကညွတ်ကွင်း)နှင့် တံခွန်စိုက် ဒိုင်းဆုကို မြို့မအနောက်ရပ်ကွက်မှ ဆွတ်ခူးရရှိသွားပြီး ဆုရရှိသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်း**(ယာပုံ)**နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၇-၂၀၀၈ပညာသင်နှစ် အမက(၂)မူလွန် လှိုင်မြို့နယ်၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲတွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံး တိုင်း အဆင့် ဒုတိယနှင့် မြို့နယ်အဆင့် စာပေ ဘာသာရပ် သင်္ချာ၊ အင်္ဂလိပ် စာ ပထမရရှိသော ကျောင်းသား မောင်ရန်မျိုးအောင်အား အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးစီး အရာရှိ ဒေါ်စန်းစန်းရီက ဆုချီးမြှင့် ပေးစဉ်။

(ပညာရေး)

15-2 (13).pmd 1 2/14/2009, 11:01 PM

# ပြည်မြို့၌ အခြေခံမီးသတ်သင်တန်း မွမ်းမံသင်တန်းဆင်း ပညာပေးဟောပြောပွဲနှင့် ဓာတ်တိုက်လေ့ကျင့်မှုသရုပ်ပြ

ပြည် ဖေဖော်ဝါရီ ၁၀

**သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း)မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)၏ အခြေခံမီးသတ်သင်တန်း မွမ်းမံ(၁/၂၀၀၉)သင်တန်းဆင်းပွဲ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ဓာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် ညနေ၄နာရီက သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)၌ ကျင်းပသည်။**

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးဘိုးထူးက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ပြည်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေး ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။ ယင်းနောက် သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီးမောင်ပု၊ ဒုတိယတပ်ကြပ် လူဇော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြရာ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးဘိုးထူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ဝ၅၇)

**ဖေဖော်ဝါရီ ၇ရက်က မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်း(အနောက်) ကြို့ပင်ကောက်မြို့ အမှတ်(၆၃)သစ်စက်တွင် ဇန်နဝါရီ ၂၃ရက်က စက်ရုံမှူး ဦးသိန်းဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းတို့ ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့မဈေးသူ ဈေးသားများ စုပေါင်း၍ သရက်ချောင်းမြို့ မြို့မဈေး ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးလင်းသက်ထွန်း ကြီးကြပ်ဆောင်ရွက်ရာ အမှုဆောင်အရာရှိက ကြပ်မတ်စဉ်။** (မြို့နယ်စည်ပင်)

# မျိုးသုဉ်းပျောက်ကွယ်လုနီး ရှားပါးသော ကျောကုန်းဖြူ လင်းတငှက် လသားအရွယ် ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်သို့ လှူဒါန်း

*ကန့်ဘလူ ဖေဖော်ဝါရီ ၂*

*မြေပြန့်လွင်ပြင်ဒေသတို့၌ မျိုးသုဉ်းပျောက်ကွယ်လုနီး ရှားပါးသော ကျောကုန်းဖြူ လင်းတငှက် လသားအရွယ်တစ်ကောင်ကို ကန့်ဘလူမြို့နယ် ဖလန်ချိုင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်သို့ ဇန်နဝါရီ ၅ရက်က လှူဒါန်းကြောင်း သိရသည်။*

*မြန်မာနိုင်ငံ၌ လင်းတငှက်မျိုး သုံးမျိုးရှိရာ လွန်ခဲ့သောနှစ် ၃၀ခန့်မှစပြီး ပိုးသတ်ဆေးအမျိုးမျိုးတို့ကြောင့် အသားစားသတ္တဝါအချို့ ပျောက်ကွယ်ခဲ့ရာ လင်းတငှက်များ ပါဝင်ခဲ့ကြောင်း၊ ယခုအခါ ချင်း၊ ကချင်နှင့် ကုန်းမြင့်ဒေသအချို့တို့၌သာ တွေ့ရတော့ကြောင်း ငှက်လောက ကျွမ်းကျင်သူများထံမှ သိရသည်။*

*နေ့စဉ်စည်ကား*

*ကန့်ဘလူ အင်ကြင်းဥယျာဉ်၌ ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြင်းပင်နှစ်ပင်၊ အင်ကြင်းကျောက်၊ ကျွန်းမြစ်ဆုံ၊ ပိတောက်မြစ်ဆုံစသည့် သစ်တောသယံဇာတများ ရွှေသမင်၊ ဆတ်၊ မျောက်၊ ဥဒေါင်း၊ လင်းယုန်၊ ကျေး၊ ပူး၊ ယုန်နှင့် မိကျောင်းစသည့် သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းမွေးမြူ ပြသထားရာ လာရောက်ကြည့်ရှုသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။* *(ဝ၂၇)*

# နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ဆိပ်ဖြူ၌ကျင်းပ

ဆိပ်ဖြူ ဖေဖော်ဝါရီ ၁၀

**(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီမံချမှတ်၍ စီစဉ်ကျင်းပရာ ဖေဖော်ဝါရီ ၂ရက် နံနက်၁၀နာရီက ထမ္မကောက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစံထွေးမောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**စံ(၅)ရပ်**

ထို့နောက် မြို့နယ်အတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် အကျိုးကျေးဇူးနှင့် စာအုပ်စာစောင် တိုးပွားရေး၊ စာကြည့်တိုက်ကို စံ(၅)ရပ်နှင့် အညီ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အခြေခံမီးသတ်သင်တန်း ပဲခူး၌ ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၈**

အခြေခံမီးသတ်သင်တန်း(၁/၂၀၀၉) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၇နာရီက ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

**ချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်သိန်းစိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်ပြသသည်။ ယင်းသင်တန်းကို ဇန်နဝါရီ ၁၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် ၃၀မှ သင်တန်းသား ၁၀၇ဦး တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မော်လမြိုင်ကျွန်း အထက(၁) အငြိမ်းစားဆရာကြီး ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင် စိုက်ထူလှူဒါန်း

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၇

**ဆရာကြီးဦးဘဖေ အထိမ်းအမှတ်အဖြစ် မော်လမြိုင်ကျွန်းမြို့ အထက(၁)မှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင်စိုက်ထူရန်အတွက် ငွေကျပ်သိန်း၂၀ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၁နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) စိန်ရတုကျောင်းဆောင်ရှေ့၌ ကျင်းပသည်။**

ယင်းလှူဒါန်းငွေ ပေးအပ်ပွဲတွင် ဆရာကြီး ဦးဘဖေ၏ သားသမီးများဖြစ်ကြသော ဒေါ်သန်းနွဲ့နှင့် မောင်၊ ညီမများက လှူဒါန်းငွေကျပ်သိန်း၂၀ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီဥက္ကဋ္ဌ ဦးစံသိန်းနှင့် ကော်မတီဝင်များက လက်ခံယူကြသည်။ **(ယာပုံ)**

**လှူဒါန်းနိုင်**

အလှူရှင် ဒေါ်သန်းနွဲ့နှင့် မောင်၊ညီမများသည် ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း၂၀နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ်၂၂သိန်း ပေါင်းငွေကျပ်၄၂သိန်း လှူဒါန်းခဲ့ကြသည်။ ကျန်းမာရေးစောင့်ရှောက်မှု ငွေပဒေသာပင်အတွက် ပါဝင်လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမ ဖုန်း-၀၄၂-၅၀၀၀၃နှင့် ဦးစံသိန်း ဖုန်း-၀၄၂-၅၀၁၅၂တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၂)

# ယာဉ်စည်းကမ်းဆိုင်ရာ ရမည်းသင်း၌ အသိပညာပေး

ရမည်းသင်း ဇန်နဝါရီ ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရမည်းသင်းခရိုင်ရုံးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

**ဟောပြောဆွေးနွေး**

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရမည်းသင်းခရိုင်ရုံး ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းအေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးသည်။ **(အောက်ပုံ)**

**တက်ရောက်**

အဆိုပါဟောပြောပွဲသို့ ရမည်းသင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျောင်းကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများနှင့် ရမည်းသင်းမြို့ မြို့မအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ဖေဖော်ဝါရီ ၅ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြဟောဝန်ပန်းဥယျာဉ် အတွင်း ပန်းအလှပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# မြို့သစ်-ဒဂုံ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းသစ် ဖွင့်လှစ်

တောင်တွင်ကြီး ဇန်နဝါရီ ၂၅

**မြို့သစ်-တောင်တွင်း-ရန်ကုန် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၊ မြို့သစ်-ဒဂုံ မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် ညနေ ၃နာရီက အဆိုပါ ကားဂိတ်၌ ကျင်းပရာ အခမ်းအနား အစီအစဉ်များကို အခမ်းအနားမှူး ဦးအောင်ကျော်ငြိမ်းက ဆောင်ရွက်သည်။**

အခမ်းအနားတွင် မြို့သစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်နွယ်က အဖွင့်အမှာစကားကို လည်းကောင်း၊ မြို့သစ်-ဒဂုံအဆင့်မြင့် မော်တော်ယာဉ်ပို့ဆောင်ရေးအသင်း ဥက္ကဋ္ဌ ဦးအောင်လှိုင်မိုးက မော်တော်ယာဉ်လိုင်းသစ် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း ပြောကြား၍ မော်တော်ယာဉ်လိုင်းသစ် ဆိုင်းဘုတ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်နွယ်၊ မထသဉက္ကဋ္ဌ ဦးမျိုးမင်းထက်နှင့် မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးအောင်လှိုင်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

**အချိန်မှန်ပြေးဆွဲ**

မြို့သစ်-တောင်တွင်း-ရန်ကုန် ခရီးစဉ်ကို အဆင့်မြင့် မှန်လုံလေအိတ်ကားကြီးများဖြင့် ဇန်နဝါရီ ၁ရက်မှ စတင်၍ နေ့စဉ် ညနေ ၅နာရီ အချိန်မှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံသား စိစစ်ရေးကတ်ပြားများ သံတောင်ကြီးတွင် လွှဲပြောင်းပေးအပ်

**သံတောင်ကြီး ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနကကြီးမှူး၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ရက်က သံတောင်မြို့၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးကိုကိုနိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်သူများကိုယ်စား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ဦးမောင်မောင်ထံသို့ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

# ပခုက္ကူမြို့၌ ဘိုးဘွားရိပ်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူ ဖေဖော်ဝါရီ ၁၂

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော အရှည် ပေ ၁၁၀၀ ၊ အကျယ် ၁၂ ပေရှိ အမှတ်(၃) ရပ်ကွက် ဘိုးဘွားရိပ်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၇ နာရီက အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးထိပ်၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက လမ်းဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် အမှုဆောင်အရာရှိ ဦးသက်ပိုင်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း ဖွင့်လှစ်ပေးကြသည်။**(ဝ၇ဝ)**

**ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ် တားဆီးရေးအတွက် ဇန်နဝါရီ ၂၂ရက်က မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို လွိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်၊ မြို့တာဝန်ခံ ဦးသောင်းထွန်းဇော်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံ ဦးနေဝင်းတိုးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

# ကျွန်းလှမြို့ မကျီးကုန်းကျေးရွာ၌ သားဖွားခန်းဖွင့်

**ကျွန်းလှ ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် မကျီးကုန်းကျေးရွာတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော သားဖွားခန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းမြင့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းနှင့် ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်စိန်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က သားဖွားခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ သားဖွားခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းက ငှက်ဖျားရောဂါနှင့် တီဘီရောဂါကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က သားဖွားခန်း ဆောက်လုပ်ရခြင်း၏ အကျိုးကျေးဇူးကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကြည်ဝင်းက ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းမြင့်က အသင်း၏ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အကြိမ်(၁၀၀)ပြည့် သွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မအူပင်မြို့ အမှတ်(၃၈) ဈေးလမ်း အမှတ်(၃) ရပ်ကွက်နေ ဦးဘာဘူ **(အပေါ်ပုံ)**သည် ဇန်နဝါရီ ၂၇ရက်က ရန်ကုန်ပြည်သူ့ဆေးရုံ အမျိုးသားသွေးလှူဘဏ်သို့ အကြိမ်(၁၀၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (၂၂၁)

# ဂန့်ဂေါ၌ အရန်သားဖွားဆရာမသင်တန်းဖွင့်

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၂

**ဂန့်ဂေါခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် အရန်သားဖွားဆရာမသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ဂန့်ဂေါမြို့ ခုတင် ၁၀၀ ဆေးရုံဆောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးအင်းကြူ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝင်းနှင့် ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကြည်ဝင်းတို့က အမှာစကား ပြောကြားပြီး သင်တန်းထူးချွန် ပထမဆုရရှိသူ မသင်းသင်းနိုင်(ကျောက်ထု)၊ ဒုတိယဆုရရှိသူ မဖြိုးဖြိုးဟန် (ကျောက်ထု)၊ တတိယဆုရရှိသူ မပန်းအိဖြူ(ဂန့်ဂေါ) တို့အား ဆုများချီးမြှင့်သည်။

**ကြာမြင့်ခဲ့**

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်းက သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ၂၀ တက်ရောက်၍ သင်တန်းကာလမှာ ခြောက်လကြာမြင့်ခဲ့ကြောင်း သိရသည်။ (ဝ၇၁)

**ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေး မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၅ရက်က ဈေးအတွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် အဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိ ဦးအောင်ဆွေတို့ ကြီးကြပ်၍ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းလေ့ကျင့်ကြစဉ်။**

(မြို့နယ်စည်ပင်)



**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကုန်းရိုးကျေးရွာ နှစ်လက်မ တွင်းနက်တူးဖော်ခြင်း၊ ရေစက်ရုံနှင့် အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော် တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ကောလင်းမြို့နယ် ပညာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကောလင်း ဖေဖော်ဝါရီ ၅

**စစ်ကိုင်းတိုင်း ကသာခရိုင် ကောလင်းမြို့နယ် စွယ်ရကျေးရွာအုပ်စု မုတ်ဝကျေးရွာ ပညာရိပ်မွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၈ နာရီက မုတ်ဝကျေးရွာ ဘုန်းတော်ကြီးကျောင်း(မြောက်ကျောင်း)ဝင်းအတွင်း၌ ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစန်းအောင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရေရှည်တည်တံ့**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်က စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးအကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစန်းအောင်က ပညာရိပ်မွန်စာကြည့်တိုက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိုးညှင်းမြို့၌ စာကြည့်တိုက်ဆောက်မည့် မြေနေရာကြည့်ရှု

**မိုးညှင်း ဖေဖော်ဝါရီ ၆**

မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ငိုင်းသည် ဇန်နဝါရီ ၃၁ ရက်က မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မြိုင်သာယာ ကျေးရွာကိုယ့်အားကိုယ်ကိုး လမင်းအိမ်စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာကို ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဇော်လွင်နှင့်အဖွဲ့ဝင်များ၊ မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းကြည့်ရှုကြသည်။

မြိုင်သာယာ ကျေးရွာကိုယ့်အားကိုယ်ကိုး လမင်းအိမ်စာကြည့်တိုက်ကို ကျေးရွာအုပ်စုရုံးနှင့် တယ်လီဖုန်းအိတ်ချိန်းရုံးအကြား ပေ ၆၀×ပေ ၄၀ မြေကွက်လပ်ပေါ်တွင် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**






### မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၂၆၉၇၂ ချန်ဖီး/ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူဦးစိန်အောင် ၅/ဝသန(နိုင်)၀၁၆၀၅၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။**


# မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိ အမြဲရှိ


# ကလေးတက္ကသိုလ် ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ် စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် ချိပ်ပိတ်တင်ဒါ ခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းတစ်စုံလျှင် ၁၀၀၀ိ/-နှုန်းဖြင့် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲတွင် ဝယ်ယူပြီး ၁၈-၂-၂၀၀၉ရက် နံနက် ၁၁း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက သင်တန်းရေးရာဌာန၊ ဖုန်း-၀၇၃-၂၂၀၆၄၊ ၂၁၃၄၄၊ လိုင်းခွဲ(၁၆)နှင့် ရန်ပုံငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးထံ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

**ကလေးတက္ကသိုလ်။**



## ZMT GTC သင်တန်းများ

စနေ၊တနင်္ဂနွေ

၄၃၊ ၁၆၅လမ်း၊ တာမွေ

ဖုန်း-၀၉-၅၀-၂၆၂၀၅၊

၀၉-၅၀-၃၅၄၅၇၊ ၀၁-၇၂၁၀၇၂။



### မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၁၄၈၅၈ ဟန်စင်း M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်သိန်း ၅/ကသန(နိုင်)၀၇၃၆၅၈၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။



### မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၁၀၇၇၁ ဂျာလင်းဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင် ၉/မလန(နိုင်) ၁၁၂၉၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊

ခရိုင်ရုံး(စစ်ကိုင်းမြို့)။



တရားမပုံစံအမှတ်-၉၄

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**မိတ္ထီလာခရိုင်တရားရုံး**

**၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၅၉**

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဦးခင်မောင်မြင့်

မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ကြည်စိန်

ဝမ်းတွင်းမြို့။

**တရားနိုင်** **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၃၁၀တွင်ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၉ခုနှစ် မတ် ၁၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

(က) ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၁)ရပ်ကွက်၊ ကွင်းအမှတ် ၁၅၈၂/၂၁၀၉၊ ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်အမှတ်(၅/၉၀)၊ မြေကွက်အမှတ် ၅၆/၅၇၅၊ ဧရိယာ ၀ဒသမ၀၆ဧကရှိမြေ၊ ၁။ ယင်းမြေကွက်ပေါ်ရှိ(၃၀×၂၈)ပေ နံကပ်၊ သွပ်မိုးတစ်ထပ်တိုက်။ ၂။ (၂၇×၁၈)ပေ နံကပ်၊ သွပ်မိုး၊ စက်ရုံ။

(ခ) ဝမ်းတွင်းမြို့ (၁)ရပ်ကွက်၊ ကွင်းအမှတ် ၁၅၈၂/၂၁၀၉၊ ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်အမှတ်(၅/၉၁)၊ မြေကွက်အမှတ် ၅၆/၅၇၆၊ ဧရိယာ ၀ဒသမ၁၂ဧကရှိမြေ ၁။ ၄င်းမြေကွက်ပေါ်ရှိ (၂၄×၁၉)ပေ နံကပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ဂိုဒေါင်။ ၂။ စက်ပစ္စည်းများ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၇၀။**

**ရောင်းချရန် စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင် ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မောင်အေး**

**ဒုတိယခရိုင်တရားသူကြီး**

**မိတ္ထီလာမြို့။**



### မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၃၀၉၂၉ ဂျာလင်းဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မာသန်း ၅/ကလတ(နိုင်)၀၇၃၁၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။**



တရားမပုံစံအမှတ်-၉၄

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**မိတ္ထီလာခရိုင်တရားရုံး**

**၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ် -၅၇**

ဘဏ်ခွဲမန်နေဂျာ **နှင့်** ဦးကျော်ကျော်လင်း ပါ-၂

မြန်မာ့စီးပွားရေးဘဏ်

ဝမ်းတွင်းမြို့။

**တရားနိုင်** **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၂၇၃ တွင်ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၉ခုနှစ် မတ် ၁၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ဝမ်းတွင်းမြို့၊ (၃)ရပ်ကွက်၊ ကွင်းအမှတ် ၁၄၆၈/ဝမ်းတွင်းမြို့မ၊ ဦးပိုင်အမှတ် (၂၂/၇၈/၁)၊ မြေကွက်အမှတ် (အက်ဖ်-၁၈၇/၃၅၀)၊ ဧရိယာ ၀ ဒသမ ၀၆ ဧကရှိမြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ (၂၇×၂၇) ပေသွပ်မိုး၊ နံကပ် နှစ်ထပ်တိုက်၊ (၃၀×၈)ပေတိုက်ရှေ့ ပလက်ဖောင်း။

**လေလံကြမ်းခင်းဈေး ကျပ် ၈၅သိန်း။**

**ရောင်းချရန် စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မောင်အေး**

**ဒုတိယခရိုင်တရားသူကြီး**

**မိတ္ထီလာမြို့။**



**မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၃၀၉၃ ဟွန်ဒါ C 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ကြိုင် ၅/ထခန(နိုင်)၀၀၂၈၈၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(စစ်ကိုင်းမြို့)။

## ယာဉ်/လမ်း စည်းကမ်းလိုက်နာရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

**မော်လမြိုင် ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် စစ်ဆေးရေးတာဝန်ခံ (ယာဉ်ထိန်း)ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ်အတွင်း ဝင်ရောက်လာသည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိမရှိ ရှောင်တခင်စစ်ဆေးအရေးယူခြင်း၊ ပညာပေးဆွေးနွေးမှာကြားခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ရက်မှ ၃၁ရက်အထိ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

**<u>အရှိန်အဟုန်မြှင့်ဆောင်ရွက်</u>**

ထို့အပြင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး စစ်ဆေးရေးအဖွဲ့မှ ရန်ကုန်၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်ခရီးသည် ကားလိုင်းပေါင်းစုံနှင့် မြို့ဝင်၊ မြို့ထွက်ကားများနှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲခြင်းရှိမရှိ စစ်ဆေးမှုပြုလုပ်၍ ပညာပေးဆွေးနွေးခြင်း၊ အရေးယူခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဖွဲ့သည် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲရေးအတွက် မော်လမြိုင်မြို့ စစ်ဆေးရေးတာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ပူးပေါင်းအဖွဲ့ဖြင့် မြို့ဝင်၊မြို့ထွက် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်မောင်းနှင်သူများအား စစ်ဆေးမှုပြုရာတွင် ၂၀၀၈ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ စည်းကမ်းချိုးဖောက်မှုပေါင်း စုစုပေါင်း ၈၁၂မှု စစ်ဆေးအရေးယူနိုင်ခဲ့သည်။ (၀၁၄)

## ကျေးလက်ရေပေးရေး ချောင်းဦး၌ ဆောင်ရွက်

**ချောင်းဦး ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်သည် ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ထားသည့် ကျေးလက်ရေပေးရေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ငါးယုန်ကျေးရွာ စက်ရေတွင်းအင်ဂျင်၊ လေမှုတ်စက်ပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ရှင်းလင်းတင်ပြကြသည်။

**(မြို့နယ်စည်ပင်)**

**ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေ သာယာလှပရေး နဂါးရင်ပြင်ရှေ့ ကုန်းစောင်းဆီအုန်းပင်အောက်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့်အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

**တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကျေးလက်ရေပေးရေး ရေတွင်းတူးဖော်ရန် အမှုဆောင်အရာရှိ ဦးလှဖော်ဇံက ခမောင်းချိုင်ကျေးရွာသို့ ကွင်းဆင်း၍ ရပ်မိရပ်ဖများနှင့် နေရာသတ်မှတ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## နမ့်ဖာလုံဈေး၌ မီးဘေးကာကွယ်ရေး သရုပ်ပြ

**တမူး ဖေဖော်ဝါရီ ၁၂**

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နမ့်ဖာလုံဈေးအတွင်း ဖေဖော်ဝါရီ ၉ရက်က မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဓာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ကိုကို၊ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးတင့်ဇော်တို့ ကြီးကြပ်ကြသည်။ **(မြို့နယ်စည်ပင်)**

## ပန်းအလှပင်များပုံဖော်

**ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကသာမြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ လမ်းမတော် လမ်းဘေးဝဲယာတစ်လျှောက်ရှိ ပလက်ဖောင်းခုံများအတွင်း ပန်းအလှပင်များဖြင့် အလှပုံဖော်စိုက်ပျိုးခြင်းကို ဖေဖော်ဝါရီ ၃ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

**မှုခင်းသတင်း**

## ဆိုင်ကယ်က မြင်းလှည်းကိုဝင်တိုက် ဆိုင်ကယ်စီးသူ သေဆုံး

ရမည်းသင်း ဖေဖော်ဝါရီ ၁၃

**ရမည်းသင်းမြို့ မြောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်ရှိ အင်ကြင်းကန် မီးရထားသံလမ်းကူးအနီးနေရာတွင် ဇန်နဝါရီ ၂၅ရက်ညက ဆိုင်ကယ်နှင့်မြင်းလှည်းတိုက်မှုဖြစ်ပွားခဲ့၍ ဆိုင်ကယ်စီးသူ ဒဏ်ရာရသေဆုံးသွားမှု တစ်မှုဖြစ်ပွားခဲ့သည်။**

ဖြစ်ပွားပုံမှာ ဇော်မျိုးဦး(ဘ)ဦးဇော် အောင်စီးနင်းသည့်(လော်ဂျာ)အမျိုးအစားဝင်း ကံလှရွာသည် ဇန်နဝါရီ ၂၅ရက် ည၇နာရီခွဲခန့်က စိုးမင်းထွန်း(ဘ)ဦးထွန်း နံပါတ်မပါ ဆိုင်ကယ်၏နောက်မှ စီးနင်းလိုက်ပါလာစဉ် အင်ကြင်းကန် မီးရထားသံလမ်းကူးအနီး မိုင်တိုင်အမှတ်-၃၀၀နှင့် ၃၀၁/၁အကြားအရောက်တွင် ရှေ့မှ မောင်းနှင်နေသည့် သန်းထိုက်၏မြင်းလှည်းကို အရှိန်ဖြင့် နောက်မှ ဝင်တိုက်မိသည်။

**<u>သေဆုံး</u>**

ထိုကဲ့သို့အရှိန်ဖြင့်ဝင်တိုက်မှုကြောင့် စိုးမင်းထွန်းမှာ ဝမ်းဗိုက်ဖူးရောင် ဒဏ်ရာနှင့်ရင်ဘတ်အောင့် ဒဏ်ရာများရရှိခဲ့ပြီး ဆိုင်ကယ်နောက်မှစီးသူ ဇော်မျိုးဦးမှာ နဖူးပေါက်ပြဲဒဏ်ရာများရရှိခဲ့၍ စိုးမင်းထွန်းမှာ ရရှိသောဒဏ်ရာဖြင့် ဇန်နဝါရီ ၂၇ရက်က သေဆုံးသွားခဲ့သည်။

ယင်းအမှုကို သက်ဆိုင်ရာက ပုဒ်မ ၃၀၄(က)ဖြင့်အရေးယူထားသည်။ **(၁၆၉)**

## မြန်မာ့အလင်း အတွင်းသတင်းအညွှန်း


➢ မော်ဘီမြို့နယ် ညောင်နှစ်ပင်၌ တိုင်ထောင်ပဲများ အောင်မြင်ဖြစ်ထွန်းနေ။

သတင်း စာ-၄

➢ ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယဗလနှင့် ကာယအလှမယ်ပြိုင်ပွဲ သဃ်ၤန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပ။

သတင်း စာ-၅

➢ သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲ ဖေဖော်ဝါရီ ၁၈ ရက်၌ ကျင်းပမည်။

သတင်း စာ-၆

➢ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ရေယာဉ်အသစ်များ တည်ဆောက်နေ။

သတင်း စာ-၇

စာရာမေတီတောင်ထိပ်ပေါ်၌ နိုင်ငံတော်အလံကို ဤသို့ လွှင့်ထူနိုင်ခဲ့ကြသည်။
(မြန်မာ့အလင်း)



ပေ ၂၀၀ ကျော် ရှည်သည့်ကြိုးတံတားကို ဤသို့ အန္တရာယ်ကြီးစွာဖြတ်ကျော်ခဲ့ကြရသည်။
(မြန်မာ့အလင်း)

# စာရာမေတီတောင်ကို အောင်နိုင်ကြသူများ

➢ တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

တောင်တက်ခြင်းကား ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်းတို့ကို အထောက်အကူပြုသည့်အပြင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ခိုင်မာသန်စွမ်းမှုကို ကြီးမားစွာ ဖြည့်ဆည်းပေးနိုင်သည်။ ထို့ကြောင့် တောင်တက်ခြင်းသည် ယနေ့ခေတ် လူမှုဘဝ၌ ခေတ်စားလာသည်။

## တွေ့ဆုံ

မကြာမီ ရက်ပိုင်းအတွင်းက တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းက စာရာမေတီတောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်ဟူသော သတင်းကြောင့် တောင်တက်အဖွဲ့ကို ဦးဆောင်တက်ရောက်ခဲ့ကြသူများနှင့် တွေ့ဆုံမေးမြန်းရာ "စစ်ကိုင်းတိုင်း ခန္တီးခရိုင် လေရှီးမြို့နယ် အနောက်ဘက်တောင်တန်းဒေသ အိန္ဒိယ-မြန်မာ နယ်နိမိတ်မျဉ်းပေါ်မှာရှိတဲ့ စာရာမေတီတောင်(နွယ်မောက်တောင်)ကို တက်ရောက်ခဲ့ကြတာပါ။ စာရာမေတီတောင်ဟာ အမြင့်ပေ ၁၂၅၅၃ ပေရှိပြီး ခက်ခဲကြမ်းတမ်းတဲ့ တောင်တက်ခရီးလည်း ဖြစ်ပါတယ်"ဟု တောင်တက်အဖွဲ့ခေါင်းဆောင်နှင့် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဦးမျိုးသန့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

## ၂၂ ဦးပါဝင်

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းဥက္ကဋ္ဌလည်းဖြစ်သူ ဦးမျိုးသန့်ခေါင်းဆောင်သော တောင်တက်အဖွဲ့တွင် စုစုပေါင်း ၂၂ဦး ပါဝင်ပြီး အမျိုးသား ၁၅ ဦး အမျိုးသမီးခုနစ်ဦးတို့ ပါဝင်ကြသည်။

"တောင်တက်အဖွဲ့မှာပါတဲ့ အဖွဲ့ဝင်တွေကတော့ ပဲခူးဒီဂရီကောလိပ်၊ ထားဝယ်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်တို့က တောင်တက်အဖွဲ့ဝင်တွေ ပါဝင်ခဲ့ပါတယ်။ စာရာမေတီတောင်ထိပ်ကို မတက်ရောက်ဖူးရင် တောင်တက်သမားအစစ်မဟုတ်ဘူးလို့ မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်းတစ်ဦးက ပြောသလိုပါပဲ တက်ရောက်ရခက်ခဲတဲ့ တောင်ထိပ်လည်းဖြစ်ပါတယ်"ဟု ဦးမျိုးသန့်က ဆက်လက်ရှင်းပြသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ●

## မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

# နေ့စဉ်မိနစ် ၃၀ ခန့် ခပ်သွက်သွက် လမ်းလျှောက်ပေးခဲ့လျှင် အူမကြီးကင်ဆာမဖြစ်ပွားရန် ကာကွယ်ပေးနိုင်ဟုဆို

*နေ့စဉ်မိနစ် ၃၀ ခန့် ခပ်သွက်သွက် လမ်းလျှောက်ပေးပါက အူမကြီးကင်ဆာ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။*



### ချေဖျက်

*နေ့စဉ်နံနက်စောစော မိနစ် ၃၀ခန့် ခပ်သွက်သွက်လမ်းလျှောက်ပေးခြင်းသည် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက် အဆိပ်ဓာတ်များထွက်ရှိမှုကို ချေဖျက်ပေးနိုင်သည့်အပြင် အူလမ်းကြောင်းအတွင်းမှ မလိုလားအပ်သော ဘေးထွက်ပစ္စည်းများအား ဖယ်ရှားပေးနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။*

*နေ့စဉ်ခပ်သွက်သွက် လမ်းလျှောက်လေ့ရှိသူများကို အကြိမ်ကြိမ်သုတေသနပြုခဲ့ရာ နေ့စဉ်ခပ်သွက်သွက်လမ်းလျှောက်သူ ၁၀၀၀ လျှင် တစ်ရာခိုင်နှုန်းခန့်သာ အူမကြီးကင်ဆာ ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရသည်ဟုဆို၏။*

### ကာကွယ်ပေး

*ထို့အပြင် ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးလှုပ်ရှားရသည့် ကိုယ်လက်လေ့ကျင့်ခန်းမျိုးသည် ခန္ဓာကိုယ်အတွင်း အစိတ်အပိုင်းများအား ကင်ဆာရောဂါမဖြစ်ပွားစေရန် အကာအကွယ်ပေးနိုင်ကြောင်း၊ နေ့စဉ်ပုံမှန်ပြုလုပ်ရန် လိုအပ်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။*

*အင်တာနက်*

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

15-2 (20).pmd 1 2/14/2009, 11:02 PM